


စိတ်ကူးချိုချိုအနုပညာ

# နေဇင်လတ်

# ပညာမတတ်သော ပညာရှိ ပညာမရှိသော ပညာတတ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ပျက်စီးစေသော၊ ဖျက်ဆီးသော
စိတ်များကို ပယ်သတ်ပြီး
ပကတိအမြင်၊ ယထာဘူတအမြင်တို့
ရှိလျှင်ပင်
ပညာသိ သိနိုင်ရန်
အခြေအနေကောင်းများ ရပြီ

mgyoe.com

NZL0030
1,800.00 KS

mgyoe.com

ပညာမတတ်သောပညာရှိ၊ ပညာမရှိသောပညာတတ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၉၄၀၃၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၃၈၀၃၁၁ တို့ဖြင့်

မျက်နှာဖုံးကို က.န.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ဒုတိယ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ၊ ဇွန်လတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ◦ ကိုတင်အေး(လှိုင်)

နေဇင်လတ် ၁၂၀

ပညာမတတ်သောပညာရှိ၊ ပညာမရှိသောပညာတတ် / နေဇင်လတ်။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၁၃၂ မျက်နှာ၊ ၁၃·၂ စင်တီ× ၂၀·၅ စင်တီ

(၁) ပညာမတတ်သောပညာရှိ၊ ပညာမရှိသောပညာတတ်

mgyoe.com

mgyoe.com

# မာတိကာ


၁။ အတိတ်သမိုင်းနှင့် အနာဂတ်ရနံ့သစ် ၁
၂။ ကြိုတင်ပြင်ဆင်ခြင်း ၁၄
၃။ တော်သည်၊ ကောင်းသည်၊ တတ်သည်၊ သိသည် ၂၀
၄။ အဟောင်းတလည်လည် ၂၆
၅။ ဘာပြောတယ်မှတ်လဲ ၃၄
၆။ ခြောက်ရင်းကြောက်၊ မြှောက်ရင်းမြောက် ၄၂
၇။ စိတ်ချမ်းသာကြပါစေ ၄၈
၈။ ကျက်သရေ ၅၃
၉။ ဖန်တီးမှု မတူသောခံစားမှု ၅၉
၁၀။ ခေတ်သစ်အယူအဆများ ၆၄
၁၁။ လောကကြီးမတရားဘူး ၆၈
၁၂။ စွမ်းရည် ၇၃
၁၃။ တာဝန် ၈၁
၁၄။ အဖန်တီးခံနှင့်ဖန်တီးသူ ၈၈
၁၅။ ကျူပ်ဖြင့်ကြောက်တောင်လာတယ် ၉၇
၁၆။ အနာဂတ်၏ပစ္စုပ္ပန် ၁၀၄
၁၇။ ရှင်သန်ထက်မြက်တည်တံ့စေခြင်း ၁၀၈
၁၈။ အမှားမကင်းသော်လည်း ၁၁၅
၁၉။ မြေမျိုး၊ လူမျိုး၊ ဉာဏ်မျိုး ၁၂၀
၂၀။ ပညာမတတ်သောပညာရှိ၊ ပညာမရှိသောပညာတတ် ၁၂၆




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အတိတ်သမိုင်းနှင့် အနာဂတ်ရန့်သစ်

ကျောက်ခေတ်က လူတို့အသိသည် ယနေ့ကလေးငယ်များ၏ ဉာဏ်ရည်မျှ ကိုပင် မမီသေး၊ ပညာရှင်တို့က လူသားတို့၏ အသိအဆင့်ကို ကာလဖြင့် ၃ ပိုင်း ခွဲခြားထားသည်။ BC ၆ ရာစုမတိုင်မီ လူတို့၏ အသိအဆင့်ကို ရင့်ကျက်မှု မရှိသေးသောခေတ်နှင့် BC ၆ ရာစုကို ဝိဇ္ဇာရှုထောင့်၊ စရဏရှုထောင့်မှ အသိ ပေါက်ကွဲသောခေတ်၊ ယနေ့ လူသားများ ပိုင်ဆိုင်သော ဉာဏ်ရည်ဉာဏ်သွေးကို စတင်ရရှိသောခေတ်ဟု သတ်မှတ်သည်။ ၂၀ ရာစုကို သိပ္ပံအသိပေါက်ကွဲသော Age of Knowledge ပညာခေတ်ဟု တင်စားကြသည်။ BC ၆ ရာစုတွင် အတွေးအခေါ်ပညာရှင်ကြီးများ ထူးခြားစွာပေါ်ထွက်လာပြီး အထူးသဖြင့် အရှေ့ တိုင်းတွင် ထိုပညာရှိကြီးများကို တိုင်းပြည်အုပ်ချုပ်သော မင်းများက အထူး အလေးပေးခဲ့သည်။

တရုတ်ပြည်၌ Lau Tzu နှင့် Confucius၊ ဂရိ၌ Permerides နှင့် Empedocies၊ ပါးရှင်း၌ Zarathustra၊ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓတို့သည် သိမ့်သိမ့်တုန် ထင်ရှားသော ပညာရှိကြီးများဖြစ်ကြပြီး ၎င်းတို့ထဲမှ ဗုဒ္ဓသည် ဉာဏ် ပညာအရာ၌ အတုမရှိသော ဘုရားတစ်ဆူဖြစ်ခဲ့သည်။ လောင်ဇူးနှင့် ကွန်ဖြူးရှပ်(စ်) တို့၏ အယူအဆများမှာ အလွန်တရာသြဇာကြီးမားပြီး ယနေ့ကမ္ဘာကို တစ်စိတ် တစ်ပိုင်း လွှမ်းမိုးထားဆဲဖြစ်သည်။ ရုပ်ဝတ္ထုထက် စိတ်ပိုင်းဆိုင်ရာ အလေးပေး ဝိဇ္ဇာပညာရပ် အသိပေါက်ကွဲခဲ့သောခေတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ခန့်က ဖြစ်၏။

mgyoe.com

mgyoe.com


သိပ္ပံအသိကိုအခြေခံပြီး သမိုင်းပညာရှင်များက ခေတ် ၄ ခေတ် ခွဲခြားပြန် သည်။

ခရစ်နှစ် ၄၇၆ မတိုင်မီကို ရှေးဟောင်းခေတ်၊
၄၇၆ – ၁၄၅၃ ကို အလယ်ခေတ်၊
၁၄၅၃ – ၁၉၈၀ (ခန့်)ကို မျက်မှောက်ခေတ် (ထိုစဉ်က)၊
၁၉၈၀ – နောက် ကို သိပ္ပံဆိုင်ရာ အသိပေါက်ကွဲသောခေတ် ဟူ၍ဖြစ် သည်။

BC ၆ ရာစုသည် ဝိဇ္ဇာပညာအသိပေါက်ကွဲခဲ့သောခေတ်ဖြစ်ပြီး ယနေ့ ၂၁ ရာစုသည် သိပ္ပံအသိပေါက်ကွဲသောခေတ်ဖြစ်သည်။

တန်ဖိုး

Quality of Life သည် လက်လှမ်းမီသူတို့ရလိုသော တောင့်တမှုတစ်ခု ဖြစ်သည်။ အရည်အသွေးဟုအကြမ်းဖျင်း General Sense အရ သိနိုင်မည်ဖြစ်ပြီး ဝိဇ္ဇာပညာထွန်းကားသောခေတ်က စိတ်ပိုင်းဆိုင်ရာအရည်အသွေးကို ရှာဖွေ ခဲ့ကြပြီးဖြစ်သည်။ ဆွန်ဖူး၊ လောင်ဇူး၊ ကွန်ဖြူးရှပ်(စ်)စသော တရုတ်ပညာရှိများက ဘဝတစ်ခု၏တန်ဖိုးရရှိရန် စိတ်ပိုင်းဆိုင်ရာအရည်အသွေးမြင့်မားဖို့လိုကြောင်း လူနှင့်ပတ်ဝန်းကျင်တို့၏ Interactive ဖြစ်ပုံကို အညမညသဘောများဖြင့် အတွေးအခေါ်တစ်ရပ် ထူထောင်ခဲ့ကြသည်။ ဘုရင်တစ်ပါးဖြစ်သော မဟာဝီရနှင့် သာကီဝင်မင်းမျိုး ဗုဒ္ဓတို့က ပို၍နက်နဲသော ဒဿနဖြင့် ဘဝဖြစ်ရခြင်း၏ အကြောင်း ရင်းနှင့် သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်းတို့ကို ရှာဖွေခဲ့ကြသူများ ဖြစ်သည်။ ဗုဒ္ဓတစ်ဦးတည်းသာလျှင် အဆုံးစွန်သောပညာကိုရရှိပြီး သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးဖြင့် သံသရာမှ လွတ်မြောက်ရာလမ်းကို တွေ့ရှိပြီး Quality of Life အပြည့်အဝရရှိရန် နေထိုင်ကျင့်ကြံနည်းများကို ဝါဒတစ်ရပ်ထူထောင်နိုင်သည်အထိ ဩဇာကြီးခဲ့ပါသည်။ ဗုဒ္ဓ၏ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က အဆုံးအမ၊ လမ်းကြောင်းနှင့်ကျင့်စဉ်၊ ဘဝတစ်ခုအပေါ် အမြင်ဒဿနများသည် အံ့မခန်း ထူးကဲလှပြီး ယနေ့ အသိပညာပေါက်ကွဲနေပါသည်ဆိုသော သိပ္ပံခေတ်၏ အတတ် ပညာရှင်၊ အသိပညာရှင်များပင် လိုက်မမီကြသေးပါ။ Quality of Life အမှန်ရ ရန်နှင့် တန်ဖိုးမြင့်ရန် မဂ္ဂင်ရှစ်ပါးကို အခြေခံအုတ်မြစ်ချပေးခဲ့ပါသည်။ ပညာ ဦးစီးသောအမြင်မှန်၊ အကြံမှန်ရန်လည်းကောင်း၊ သီလဦးစီးသော အပြောမှန်၊

mgyoe.com

mgyoe.com


အလုပ်မှန်၊ အသက်မွေးမှန်ရန်လည်းကောင်း၊ သမာဓိဦးစီးသော ဝီရိယမှန်၊ သတိမှန်၊ သမာဓိမှန်ရန် လည်းကောင်း ဘဝတစ်ခု၏အမြင့်ဆုံးတန်ဖိုးကို ရရှိရန် မဟာအလင်းရောင်ကို ထွန်းညှိခဲ့ပါသည်။

ယနေ့ပညာခေတ်ဟု အော်နေကြသောကမ္ဘာကြီးတွင် ဗုဒ္ဓလက်ထက်ကတည်းက မည်မျှပညာအခြေခံခဲ့သည်ကို အဂ္ဂသာဝကနှင့် မဟာသာဝကတို့၏ နေရာပေးပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ ပဥ္စဝဂ္ဂီဝင်အရ ရှင်ကောဏ္ဍညသည် သာသနာတော်တွင် အစောဆုံးရဟန်းဖြစ်သော်လည်း ရဟန်းသက် ၁၅ ရက်မျှသာရသေးသော ပညာအရာ ဧတဒဂ်ရ ရှင်သာရိပုတ္တရာကို အဂ္ဂသာဝကပေးခြင်း၊ တန်ခိုးအရာတွင် ဧတဒဂ်ရ ရှင်မောဂ္ဂလန်ကို မဟာသာဝကပေးခြင်းဖြင့် သိသာစေပါသည်။ ရဟန္တာများဖြစ်ကြ၍ အကျင့်သီလမြင့်မြတ်ပုံ တူကြသော်လည်း ဉာဏ်အရာကြီးသူကို တန်ခိုးအရာကြီးသူထက် ဦးစားပေးသည့်သဘောဖြစ်သည်။ ယနေ့ လူတော်လူကောင်းနှင့် လူကောင်းလူတော်တို့ အတုယူနိုင်ဖွယ်ရာရှိသည်။

အမြင့်ဆုံးတန်ဖိုးတစ်ခုရနိုင်စေရန် ဗုဒ္ဓက အရည်အချင်း ၄ ပါးနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း ဟောကြားခဲ့သည်။

| | | |
|---|---|---|
| (၁) | အချိန်အခါနှင့်ပြည့်စုံမှု | (ကာလသမ္ပတ္တိ) |
| (၂) | ဒေသ၏ပြည့်စုံမှု | (ဂတိသမ္ပတ္တိ) |
| (၃) | ပင်ကိုအရည်အသွေးပြည့်စုံမှု | (ဥပဓိသမ္ပတ္တိ) |
| (၄) | ဆောင်ရွက်ပုံထိရောက်မှု | (ပယောဂသမ္ပတ္တိ) |

ထမင်းတစ်ပန်းကန်၏တန်ဖိုးသည် သူ့အနေဖြင့်သာရှိပြီး ဆာချိန်၌ တန်ဖိုးမြင့်၍ မဆာချိန်၌ ပကတိတန်ဖိုးမျှသာ ရှိခြင်းသည် အချိန်အခါ၏တန်ဖိုးကို ညွှန်းပါသည်။

ပင်ကိုအရည်အသွေးပြည့်စုံရန် စိတ်ပိုင်းဆိုင်ရာအရည်အချင်းနှင့် ရုပ်ပိုင်းဆိုင်ရာအရည်အချင်းများ ပြည့်ဝစွာရှိရန်လိုသည်။

ဆောင်ရွက်ပုံထိရောက်မှုတွင် အဂ္ဂဗျူဟာ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများအချင်းချင်း လိုက်လျောညီထွေမှုဖြင့် သဟဇာတဖြစ်ရန် လိုအပ်ပေသည်။ ပြောင်းလွယ်ပြင်လွယ်ခြင်းသည် လုပ်နည်းထိန်းညှိခြင်းသာဖြစ်၍ ရည်ရွယ်ချက်မှဖယ်ခွာခြင်းမဟုတ်ပေ။ ယခုခေတ် Grand Strategy, Strategy, Tactic တို့နှင့် သဘောတရားတူ၏။

Value of Life သည် Quality of Life ရှိမှဖြစ်သည်။ Quality of

mgyoe.com

Life ရရန် ပုဂ္ဂလိက အရည်အချင်းများ ဖြစ်သော All and Qualification ဖြစ်ရန်လိုသည်။ Quality of Life ကို မိမိကိုယ်တိုင်ကသာ သိရှိနိုင်ပြီး ကျေနပ်မှု၊ မကျေနပ်မှုကို ကာယကံရှင်က ဆုံးဖြတ်နိုင်သော်လည်း Value of Life ကိုမူ ပတ်ဝန်းကျင်က အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

ကျောက်တစ်လုံးဈေးကောင်းရရန် ကျောက်အရည်အသွေးနှင့် အပြစ်အနာအဆာ ကင်းရမည်ဖြစ်သည်။ အရည်အသွေးကောင်းခြင်း (Qualified) ဖြစ်ခြင်းနှင့် အပြစ်ကင်းခြင်း (Flawless) ဖြစ်ပါမှ ထိုကျောက်၏တန်ဖိုး (Value) ကို ရမည်ဖြစ်သည်။

## အသိပညာ

ယနေ့ တွင်တွင်သုံးနေသော 'ပညာ' ဟူသောဝေါဟာရကို ဗုဒ္ဓက 'ပညာအစစ်' ရနိုင်ရန် မှန်ကန်သောအသိရရာပမာဏများဖြင့် ခွဲခြမ်းစိတ်ဖြာပေးခဲ့၏။ အတတ်ကို အခြေခံသောပညာထက် အသိကိုအခြေခံသောပညာကို အလေးထားခဲ့ကြောင်း သိသာနိုင်သည်။ ထိုစဉ်ကပင် Intellectual Quotient ခေါ် I.Q နှင့် E.Q ခေါ် Emotional Quotient တို့၏တန်ဖိုးကို ဗုဒ္ဓက ထင်ရှားစွာ ခွဲခြားပေးခဲ့ပြီးဖြစ်သည်။

(၁) ကိုယ်တွေ့သိနည်း (ပစ္စက္ခတ်ပမာဏ)

(၂) အဆင်အခြင်သိနည်း (အနုမာဏပမာဏ)

(၃) နှိုင်းယှဉ်သိနည်း (ဥပမာနပမာဏ)

(၄) စာပေသိနည်း (သပမာဏ)

(၅) ချင့်ချိန်သိနည်း (အတ္တာပတ္တိပမာဏ)

(၆) အာရုံပြုသိနည်း (အနုပလဒ္ဓိပမာဏ)

(၇) အလားတူအားဖြင့်သိနည်း (သမ္ဘဝပမာဏ)

(၈) ထုံးဓလေ့အစဉ်အလာအားဖြင့်သိနည်း (ဧတိဟျပမာဏ)

(၉) မျက်မှောက်ပြုသိနည်း (သစ္ဆိကရဏပမာဏ)

အသိချွတ်ခြုံမကျစေရန် မယုံကြည်ရာ ၁၀ ပါးဖြင့် ယနေ့တိုင် ကျော်ကြားသော ကာလာမသုတ်ဖြင့် ဗုဒ္ဓက ထိန်းကွပ်ပေးခဲ့ပြန်သည်။ သဒ္ဓါအားများ၍ ပညာအားနည်းမှုကို Balance လုပ်ပေးခြင်းဖြစ်၏။

ယနေ့ခေတ်တွင်

Basic Education ဟူသော အခြေခံပညာရေး၊ Higher Education

mgyoe.com

mgyoe.com


ဟူသော အထက်တန်းပညာရေး၊ Vocational Education ဟူသော သက်မွေးဝမ်းကျောင်းပညာရေးနှင့်၊ Non-Formal Education ဟူသော ပြင်ပ ပညာရေးဟု ပညာဆည်းပူးရာ ပမာဏ ၄ မျိုးကို ခွဲခြားထားသည်။ ၁၉၅၇ ခုနှစ်တွင် အမေရိကန်အပါအဝင် ဥရောပနိုင်ငံများမှာ First Educational Shock ရခဲ့ပေသည်။ ဆိုဗီယက်က ထိုနှစ်တွင်လူပါသောအာကာသယာဉ် လွှတ်တင်နိုင်ခဲ့၍ ဖြစ်သည်။ ထိုနှစ်မှစ၍ ပညာဖောင်းပေးအစီအစဉ်ကို ချမှတ်၍ Classroom Education ထက် Non-Formal Education ကို ဦးစားပေး၍ Brain Storming ဦးနှောက်အလုပ် ပေးခဲ့ကြရင်း ယနေ့ပြိုင်ဘက်ကင်း မဟာအင်အားကြီးနိုင်ငံ အမေရိကန်ဖြစ်လာရသည်။ BC ၆ ရာစုမတိုင်မီကို Pre-knowledge Society ဟု သတ်မှတ်သော် ယနေ့ လူမှုအဖွဲ့အစည်းကြီးသည် Knowledge Society သို့ နိုင်ငံအလိုက် တတ်စွမ်းသမျှ အလုအယက် ဝင်ရောက်နေရာယူကြသည်။ အမြင်ကျယ်အင်အားကြီးသောနိုင်ငံများက Post Knowledge Society ကို တက်လှမ်းနိုင်ရန်အပြင်းအထန် ပြင်ဆင်နေကြလေပြီ။ Post Knowledge Society တွင် ရနံ့သစ်များရှိ၏။ အလုံးစုံအတတ်ပညာပေါ်အခြေခံမည်လား၊ အသိပေါ်အခြေခံမည်လား၊ ရုပ်ပိုင်းဆိုင်ရာကအဓိကလား၊ အနှစ်သာရရှိသော နာမ်ပိုင်းဆိုင်ရာရော မပါဝင်ဘူးလား။ အမြင့်ဆုံးတန်ဖိုး ဘယ်မှာရှိသလဲဟူသော မေးခွန်းများက စောင့်ကြိုလျက်ရှိသည်။

## Quality နှင့် Value

ရုပ်ဝတ္ထုပေါ်အခြေခံသော အတတ်ပညာဆိုင်ရာများ အံ့မခန်းတိုးတက်လာသော်လည်း ဘဝ၏တန်ဖိုးကို တွက်ချက်ရာတွင် ရှုထောင့်အမျိုးမျိုး၊ စံနှုန်းအသွယ်သွယ်ဖြစ်သည်။ ဘဝ၏ အရည်အသွေးက ဘာလဲ? ဘဝ၏တန်ဖိုးကိုရော ဘယ်လို ရှုမြင်မှာလဲ? သာမာန်အမြင်အရ အကောင်းစားအိမ်၊ အကောင်းစားကားစီး၍ အကောင်းဆုံးစည်းစိမ်ခံစားနေရ သူတစ်ဦး၏ဘဝကို အားကျကြမည်မှာ ဓမ္မတာဖြစ်သည်။ ကောင်းလိုက်တဲ့ဘဝ (Valued Life) ဟု အပေါ်ယံအမြင်ရှိနိုင်သော်လည်း ထိုသူ၏ နေ့စဉ်ဖြတ်သန်းနေရသော အရည်အသွေး Quality ကို မေ့ထား၍မရ။ မည်မျှစိတ်ချမ်းသာ၍ မိမိ ကိုယ်ကိုမည်မျှကျေနပ်ခြင်းသည် ၎င်း၏ Quality of Life ဖြစ်၏။ ရုပ်ဝတ္ထုပေါ်အခြေခံကျေနပ်မှုနှင့် အလုံးစုံကျေနပ်မှု Total Satisfaction ဟူ၍ ပြောစရာရှိလာမည်ဖြစ်သည်။

ယနေ့ခေတ်စားနေသော Changes ဟူသော 'အပြောင်းအလဲ' သည်

mgyoe.com

mgyoe.com

ဗုဒ္ဓက ဟောကြားခဲ့သော ဖြစ်၊ တည်၊ ပျက်ဟူသော အနိစ္စသဘောကို တိုက်ရိုက်မှန်ကန်ကြောင်း ထောက်ခံရာရောက်ပါသည်။ မိမိဘဝကို အလုံးစုံကျေနပ်မှုရရှိနေသူတစ်ဦးသည် ရုပ်သက်သက်၏စည်းစိမ်ပေါ် အခြေမခံတတ်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတို့ကို သိရှိပြီး Next Existent ဟူသော နောက်ဘဝအထိ မျှော်လင့်ပြင်ဆင်ထားတတ်သူများဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ Value of Life ကို ပြင်ပကြည့်သူတို့က သာမန်ပေတံဖြင့် တိုင်းတာတတ်ကြသော်လည်း Quality of Life ကို ကာယကံရှင်ကိုယ်တိုင်က အတွင်းပေတံဖြင့် တိုင်းတာသိရှိနိုင်ပါသည်။ ပြင်ပကြည့်သူတို့၏ Value နှင့် မိမိကိုယ်တိုင်သိရှိသော Value တို့ တစ်ထပ်တည်းကျမည်ဟု ဆိုနိုင်မည်မဟုတ်ပါ။

သိဒ္ဓတ္ထမင်းသားဘဝကို Valued Life ဟု အပြင်မှ အထင်ရှိသော်လည်း Real Value ရရှိရန် ဗုဒ္ဓလောင်းလျာသည် အမြင့်ဆုံးအရည်အသွေး Utmost Quality ဖြင့် ဖြည့်ဆည်းခဲ့ခြင်းသည် အရည်အသွေးနှင့်တန်ဖိုးတို့ မည်သို့ဆက်စပ်ကြောင်း အသိအလင်းရောင်ပေးခဲ့ခြင်းမည်ပါ၏။ မဇ္ဈိမပဋိပဒါဟူသော အစွန်းရောက်လမ်းစဉ်နှင့် စိတ်ထားတတ်ခြင်းတို့သည် အမှန်တန်ဖိုးများဖြစ်သည်ကို ငြင်းမည့်သူရှိမည်ဟု သံသယရှိရန်မလို။

## လှိုင်းအဆင့်ဆင့်

Alvin Toffler က ပထမလှိုင်းကို လယ်ယာယဉ်ကျေးမှုလှိုင်း 8000 BC to AD 1750 (နှစ်တစ်သောင်း) ကြာသည်။ ဒုတိယလှိုင်းကို စက်မှုယဉ်ကျေးမှု (17 Century - 1980) (နှစ်သုံးရာခန့်ကြာသည်။) နှင့် တတိယလှိုင်းကို စက်မှုခေတ်လွန် 1980 - Present (နှစ် နှစ်ဆယ်ခန့်သာကြာ) ဟူ၍ ခွဲခြားပြထားသည်။

ပထမလှိုင်းသည်နှစ် ၁၀၀၀၀ ခန့်ကြာသော်လည်း ဒုတိယလှိုင်းမှာ နှစ်ပေါင်း ၃၀၀ ခန့်သာနေခဲ့ပြီး ယနေ့ တတိယလှိုင်းတွင် နှစ် ၂၀ ကျော်မျှ ရှိပြီဖြစ်သဖြင့် နောက်လှိုင်းတစ်ခုသို့ ကူးပြောင်းရန် အားယူနေကြပြီ ဖြစ်သည်။ မည်သို့ခေါ်ဝေါ်သမုတ်ကြမည်ကို မသိသေးသော်လည်း Post Knowledge အသိလွန်သောခေတ်သို့ ချဉ်းနင်းဝင်ရောက်ကြတော့မည်မှာ မလွဲပေ။

ဝိဇ္ဇာ–စရဏဘက်ထွန်းကားခဲ့သော ဗုဒ္ဓ၊ မဟာဝီရ၊ ကွန်ဖြူးရှပ်(စ်) ခေတ်ကာလက Socio-sphere လူမှုဝန်းကျင် အလေးသာခဲ့သော်လည်း ယနေ့ အတတ်ပညာ ရုပ်ပိုင်းထွန်းကားသောခေတ်တွင် Techno-sphere နည်းပညာ

mgyoe.com

mgyee.com


ဝန်းကျင်ကအလေးသာထားပါသည်။ လာမည့်ရန့်သစ်အတွက် New Atmosphere ဟူသော ဝန်းကျင်အာဝါသခေတ်မည်သို့ ရှိမည်ကို မျှော်မှန်းနေကြသည်။ သေချာသည်က ပညာရေးပြောင်းလဲမှု (Educational Reform)၊ စက်မှုနည်းပညာပြောင်းလဲမှု (Industrial Reform)၊ နိုင်ငံရေးပုံစံပြောင်းလဲမှု (Political Reform) များ အခြေခံအားဖြင့် လိုက်ပါလာကြမည်မှာမလွဲပေ။ လူနေမှုဘဝ Life Style လည်းပြောင်းလဲမည်ဖြစ်သည်။ အနာဂတ်တွင် အဆင်ပြေ လိုက်လျောညီထွေစွာရှင်သန်ရန် Think Smart, Work Smart ဟု ပညာရှိကျင့်ပြီးပညာရှိရှိ လုပ်ကိုင်နိုင်ရန် အမြင်စူးသူတို့က နည်းလမ်းပေးကြပြီဖြစ်သည်။

## ခေါင်းဆောင်ကောင်း

ခေါင်းဆောင်မဲ့အဖွဲ့အစည်း၊ ခေါင်းဆောင်မဲ့ တိုင်းနိုင်ငံဟူ၍ မရှိပါ။ ခေါင်းဆောင်ကောင်းလျှင် ထိုအဖွဲ့အစည်း တိုင်းနိုင်ငံတို့ တိုးတက်သလို ခေါင်းဆောင်ညံ့လျှင် ဆုတ်ယုတ်တတ်သည်မှာ လောက၏ဓမ္မတာ ဖြစ်ပါသည်။ ခေါင်းဆောင်သည်လည်း လူသားတစ်ဦးဖြစ်သဖြင့် ကောင်းတတ်ဆိုးတတ်သော သဘာဝရှိသူဖြစ်ပါသည်။ လက်ရှိအမေရိကန်သမ္မတသည် ၎င်း၏သက်တမ်းပထမနှစ်တွင် ဘာမှမထူးခြားခဲ့သော်လည်း World Trade Center ကို အတိုက်ခံရပြီး နောက်ပိုင်းမှာ မီးခိုးမတိတ်သော သေနတ်သံတို့ကို ညံစေခဲ့သူ ဖြစ်ပါသည်။ ဗုဒ္ဓက စေတနာကောင်းသည့်အချိန်ကို (၁) သဒ္ဓါဝင်သည့်အခိုက် (၂) ဉာဏ်ဝင်သည့်အခိုက် (၃) ဝီရိယဝင်သည့်အခိုက်တွင် ကောင်းသည်ဟုဟောကြားခဲ့ပြီး စေတနာဆိုးရာကို (၁) ဒေါသဝင်သည့်အခိုက် (၂) မောဟဝင်သည့်အခိုက်နှင့် (၃) လောဘဝင်သည့်အခိုက်ဟူ၍ လူတို့၏ အတွင်းစိတ်သဘောကို ခွဲခြမ်းစိတ်ဖြာပေးခဲ့ပြီးဖြစ်သည်။

WTC အတိုက်ခံရခြင်းသည် သမ္မတ၏ဒေါသကို နှိုးဆွရာဖြစ်ပြီး အီရတ်၏ရေနံသည် လောဘကို နှိုးဆွရာ အခြေခံအကြောင်းတရားများဖြစ်သဖြင့် Afghanistan နှင့် Iraq တို့ကို စစ်ဆင်ခဲ့ခြင်း ဖြစ်ဟန်ရှိပါသည်။ မြန်မာ့သမိုင်းတွင် တစ်ချိန်က ခေါင်းဆောင်ကောင်းရခဲ့၍ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစသော မင်းကောင်း မင်းမြတ်တို့လက်ထက်တွင် ပထမ၊ ဒုတိယနှင့် တတိယနိုင်ငံတော်များအဖြစ် အကြီးအကျယ် စည်ပင်သာယာခဲ့ပြီး အနီးအနားနိုင်ငံများမှ မင်းများ၏ ရိုသေလေးစားမှုကိုပင် ခံယူနိုင်ခဲ့ပါသည်။ ခေါင်းဆောင်ညံ့ခဲ့သော ပုဂံမင်းတွင် နိုင်ငံတော် ဖရိုဖရဲဖြစ်ခဲ့ပြီး အသိပညာမဲ့သော သီပေါမင်း

mgyee.com

mgyoe.com

လက်ထက်တွင် သူ့ကျွန်ဖြစ်ခဲ့ရခြင်းများအပေါ်တွင် အမျိုးသားရေးနှင့်ဆိုင်သော သင်ခန်းစာကြီးများကို ရခဲ့ဖူးပြီးဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ရေငွေ့ဆူသလို နေရာမလပ်ပြဿနာများဖြင့် ရင်ဆိုင်နေရသော အချိန်အခါဖြစ်သဖြင့် ကုလသမဂ္ဂမှပင် ဆရာကြီး ဂိုအင်ကာကဲ့သို့သော လူမျိုးကိုဖိတ်ကြားကာ ငြိမ်းချမ်းမှုရှာကြံခဲ့ရသည့် အခြေအနေဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကိုသိခြင်းတွင် ဗုဒ္ဓ၏အမြင်ကို ယနေ့ နည်းပညာတိုးတက်ပါသည်ဟုဆိုသော သိပ္ပံပညာရှင်များ လိုက်မမီသေးချေ။ ကာလ ရွေ့လျော၍ ခေါ်ဝေါ်ပညတ်ပုံပြောင်းလဲခဲ့သော်လည်း အနှစ်သာရအားဖြင့် တူသော, မင်းကျင့်တရား (ယနေ့သမ္မတ၊ ဝန်ကြီးချုပ်များ၏ ကိုယ်ကျင့်တရား) ၁၀ ပါးကို ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ ပေးကမ်း (ဒါန)၊ ကိုယ်ကျင့်တရား (သီလ)၊ ကိုယ်ကျိုးစွန့် (ပရိစ္စာဂ)၊ စိတ်ထားဖြောင့် (အဇ္ဇဝ)၊ ကြင်နာ (မဒ္ဒဝ)၊ ခြိုးခြံ (တပ)၊ အမျက်မထွက် (အက္ကော )၊ အကြမ်းမဖက် (အဝိဟေသ)၊ သည်းခံ (ခန္တီ) နှင့် ပြည်သူကိုမဆန့်ကျင် (အဝိရောဓ ) ဟူ၍ဖြစ်သည်။ အဂတိတရား ၄ ပါးဖြင့်လည်း ထပ်မံဖြည့်ဆည်းထားပါသည်။ အလိုဆန္ဒကြောင့်ဖောက်ပြန်မှု (ဆန္ဒာဂတိ)၊ ဒေါသကြောင့် ဖောက်ပြန်မှု (ဒေါသာဂတိ)၊ အမှားအမှန်မသိ၍ ဖောက်ပြန်မှု (မောဟာဂတိ) နှင့် ကြောက်ရွံ့မှုကြောင့် ဖောက်ပြန်မှု (ဘယာဂတိ) ဟူ၍ဖြစ်သည်။ ခေါင်းဆောင်ကောင်းတို့ လိုက်နာသင့်သော အခြေခံအုတ်မြစ်များဖြစ်ပေသည်။ ကိုယ်ကျင့်တရား ၁၀ ပါးနှင့် အဂတိတရား ၄ ပါးတို့သည် ခေါင်းဆောင်ငယ်များမှ ထိပ်တန်းခေါင်းဆောင်ကြီးများအဆုံး ရှိသင့်သောအခြေခံအရည်အချင်းများ ဖြစ်သည်။

## နယ်ပယ်အလိုက်ဦးဆောင်ခဲ့သူများ

BC ၆ ရာစုတွင် ဖော်ပြခဲ့ပြီးသော ဝိဇ္ဇာပညာရပ်၏ တော်လှန်သော အတွေးအခေါ်ရှိ ပညာကြီးသူများပေါ်ပေါက်ခဲ့ပြီး ရုပ်ပိုင်းဆိုင်ရာ အလေးသာသော သည်ဘက်ခေတ်တွင် ရာစုနှစ်အလိုက် သူ့နည်းသူ့ဟန်ဖြင့် ဩဇာကြီးခဲ့ပါသည်။

၁၆ ရာစုကို အနုပညာထွန်းကားသော ခေတ်အဖြစ်သတ်မှတ်ပြီး မိုက်ကယ်အိန်ဂျလို၊ လီယိုနာဒိုဒါဗင်ချီ၊ ရှိတ်စပီးယား စသောပညာရှင်ကြီးများက ဦးဆောင်သည်။ ၁၇ ရာစုကို သိပ္ပံ၏ခေတ်ဦးဟုသတ်မှတ်ပြီး ဂယ်လီလီယို၊ ဒေကား၊ နယူတန်စသော သိပ္ပံပညာရှင်များက လွှမ်းမိုးခဲ့သည်။ ၁၈ ရာစုကို နိုင်ငံရေးပညာခေတ်အဖြစ် ရှုမြင်ကြပြီး ဂျက်ဖာဆန်၊ အဒမ်စမစ် စသော ပညာရှင်များက ကြီးစိုးခဲ့သည်။ ၁၉ ရာစုသည် ကူးသန်းရောင်းဝယ်မှုနှင့် ကိုလိုနီစနစ် ရေပွက်မ်းသော

mgyoe.com

mgyoe.com


ခေတ်ဖြစ်လာခဲ့ပြီး ၂၀ ရာစုမှာ ပညာခေတ်အဖြစ် ထင်ရှားသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ သိပ္ပံ၊ အတွေးအခေါ်ဆိုင်ရာ ရှုထောင့်စုံမှ တော်လှန်ပြောင်းလဲလာသောခေတ်ဖြစ်ပြီး စတာလင်၊ ရစ်ဘဲလ်၊ ဟစ်တလာ၊ JFK တို့ နိုင်ငံရေးတွင် ထင်ရှားသည်။ ဟောဝပ်ဟူး(ဂျ်)၊ ဝေါမတ်၊ ဘီလ်ဂိတ်စသော ငွေကြေးဈေးကွက်ကိုပင် ကမောက်ကမ ဖြစ်သည်အထိ ခြယ်လှယ်နိုင်သော စီးပွားရေးအင်အားရှိသည့် မီဂါသူဌေးကြီးများ စီးပွားရေးလောကတွင် ထင်ရှားသည်။ လူမှုရေးတွင် မာသာထရီဇာ၊ နယ်ဆင်မင်ဒဲလားစသောသူများ အသိအမှတ်ပြုခံရပြီး သိပ္ပံတွင် အိုင်းစတိုင်း၊ စတီဖင်ဟော့ကင်းတို့ ကြီးကျယ်သော သိပ္ပံအောင်ပွဲကို ရရှိခဲ့ကြသည်။

## တစ်ဦးတစ်ဘာသာစီ

ထင်ရှားသြဇာကြီးကြသူအားလုံးမှာ ဆိုင်ရာနယ်ပယ်၌သော အမြင်သစ်၊ အတွေးသစ် New Concept, New Vision ဖြင့် လွှမ်းမိုးကြသဖြင့် တစ်ဦးတစ်ဘာသာစီ စွမ်းသူများဟု သတ်မှတ်သော်ရ၏။ Peter Drucker ကို Management ဂုရုဟု သတ်မှတ်ပြီး ယနေ့တိုင် ၎င်း၏သြဇာ ကြီးမားဆဲ ဖြစ်သည်။ ၎င်း၏ Management, Tasks, Responsibilities and Practices တွင် 'စီမံခန့်ခွဲမှုဟူသည် လူ့ဘောင်သမိုင်းတစ်လျှောက်လုံး လိုက်နာကျင့်သုံးခဲ့သော အတွေးအခေါ်နယ်ပယ်တစ်ရပ် ဖြစ်၏' ဟူသော Concept က ထွန်းလင်းလျက်ရှိသေး၏။ အိုင်းစတိုင်းက $E = MC^2$ ၊ စတီဖင်ဟော့ကင်းက Black Hole နှင့် White Hole၊ စကြဝဠာအယူအဆသစ်၊ TR ဟုကျော်ကြားသော Theodore Roosevelt ဟူသော သမ္မတကြီးက (Speak softly and carry a big stick) ဖြင့် ၎င်း၏နိုင်ငံရေးလမ်းစဉ် ကမ္ဘာ့ဇာတ်ခုံပေါ်သမိုင်းစာမျက်နှာ တင်ခဲ့သူဖြစ်သည်။ ဆွန်ဇူး၊ လောင်ဇူး၊ ကွန်ဖြူးရှပ်(စ်) တို့က လူ့ကျင့်ဝတ်နှင့်ဆိုင်သော အတွေးအခေါ်များဖြင့် သာယာဝပြောသောလူမှုဝန်းကျင်အတွက် Ideal Concept အယူအဆကို လမ်းကြောင်းပေးခဲ့သည်။ Adam Smith (1776) ကို ခေတ်သစ်နိုင်ငံရေးဆိုင်ရာ စီးပွားရေးတီထွင်သူဟုအလေးပြုကြပြီး အသီးသီးသော မဟာလူသားများ တစ်ဘာသာစီမှာ ကမ္ဘာသူကမ္ဘာသားတို့ကို အလင်းရောင်ပေးခဲ့ကြသည်။ ကွန်ဖြူးရှပ်(စ်) ၏ အတွေးအခေါ် အယူအဆများ မည်မျှသြဇာကြီးခဲ့သည်ကို စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုရေးသော From The Third World to the First တွင် အထင်အရှားတွေ့နိုင်၏။

mgyoe.com

mgyoe.com


Total Satisfaction ဟူသော ဥသဘ်ကျေနပ်မှုနှင့် Absolute ဟူသော ဥသဘ်အဖြေကို မပေးနိုင်ခဲ့။

**အတုမရှိဘာသာစုံ**

ဗုဒ္ဓဟူသော အတုမရှိမဟာလူသားက နယ်စုံ၊ ဘာသာစုံ၊ ရှုထောင့်စုံမှ ကမ္ဘာသို့ ပညာအလင်းရောင်ပေးခဲ့ပြီး ဖြစ်သည်။ အတွေးအခေါ်အယူအဆတစ်ရပ် အနေဖြင့်မဟုတ်ဘဲ ကိုယ်တိုင်သိမြင်ကျင့်ကြံပြီး ပန်းတိုင်နှင့် သွားရာလမ်းကို ထင်ရှားစွာ ပြပေးခဲ့သူဖြစ်သည်။ ဘဝတစ်ခုတည်းသာမဟုတ်ဘဲ သံသရာနှင့် ထပ်တူ ဘဝပေါင်းများစွာအထိ ကြိုတင်ပြင်ဆင်နိုင်ရန် နည်းလမ်းများပြခဲ့သူဖြစ်သည်။ သံသရာပြတ်၊ ဘဝပြတ်၍ အလုံးစုံငြိမ်းချမ်းမှု Total Peace ရရန် ပညာအခြေခံ၍ ဟောခဲ့ပြီးဖြစ်သည်။ အတတ်အခြေခံပညာခေတ်သို့ တွန်းတိုက်ပြိုင်ဆိုင်ကြမည့် အနာဂတ်အတွက် အသိ အခြေခံမပြည့်စုံလျှင် သာယာဝပြောသော လူမှုဝန်းကျင် မဖြစ်နိုင်ချေ။ အသိနှင့်အတတ်ကို သဟဇာတဖြစ်စွာ ပေါင်းစပ် တည်ဆောက်ပါမှ ရုပ်ဝတ္ထုတိုးတက်မှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာအရည်အချင်းများပါ ပိုင်ဆိုင်ပြီး လှပသောအနာဂတ် ဖြစ်ပေလိမ့်မည်။ အသိနှင့်အတတ်ပေါင်းစပ်နိုင်ရန် တကယ့်ပညာရှိရန်လိုသည်။ ပညာကြီးရန်လည်းလိုပေသည်။

**ဘယ်လို၊ ဘယ်လောက်သိကြသည်**

အသိရရာ ပမာဏ ၄ မျိုးအပြင် မည်မျှသိသည်၊ မည်မျှပညာရှိသည်ကို အောက်ပါ ပေတံများဖြင့် တိုင်းတာနိုင်ရန် ဗုဒ္ဓက ထားခဲ့သည်။

(၁) ယုတ္တိခေါ်ကျိုးကြောင်းဆင်ခြင်သိ (အနုမာန)

(၂) သာမန်ကိုယ်တွေ့သိ (ဝေါဟာရပစ္စက္ခတ်)

(၃) အကျင့်ကိုယ်တွေ့သိ (သဘာဝပစ္စက္ခတ်)

(၄) လောကုတ္တရာကိုယ်တွေ့သိ (အရိယပစ္စက္ခတ်)

အသိများတွင်လည်း အဆင့် ၃ ဆင့် ရှိကြောင်း၊ စာပေသိ၊ လောကသိ၊ ဘဝသိဟူ၍ဖြစ်ကြောင်း အနုစိတ် အမြင်ရှင်းပေးခဲ့ပေသည်။ ချမ်းသာခြင်းကို ရရန် အစုန်သဘောဖြစ်သည့် "အနုလောမ" ကိုရယူလိုခြင်းနှင့် အဆန်သဘော ဖြစ်သည့် "ပဋိလောမ" ကို ခွဲခြမ်းပေးခဲ့ပါသည်။ အသိတူရန်အတွက် အမြင်တူရန် (ဒိဋ္ဌိသာမည) နှင့် အကျင့်တူရန် (သီလသာမည) ကိုလည်း မီးမောင်းထိုးပေးခဲ့သည်။ တစ်ဖက်သတ်ရယူလိုသူချည်းဖြစ်ပါက ယနေ့ Win-Win Situation ကို ရမည်

mgyoe.com

mgyoe.com


မဟုတ်ပေ။ ယနေ့လူသားများ မည်မျှအသိရှိသည်၊ ပညာရှိသည်၊ မြော်မြင်မှု ရှိသည်ကို ဗုဒ္ဓ၏အသိဖြစ်ရာ၊ အသိရရာ၊ အသိအဆင့်ပေတံများနှင့်တိုင်းတာသော် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ပါသည်။

ယနေ့ပညာရှင်များက "Rethinking the Unthinkable" ဟူ၍ ဦးနှောက်ကို အလုပ်ပေးကြသည်။ မစဉ်းစားနိုင်ခဲ့သည်များကို ပြန်စဉ်းစားရန် ဖြစ်သည်။ ဗုဒ္ဓအဆုံးအမများကို လေ့လာရန်အလှမ်းဝေးခဲ့သူများ၏ ဒဿနတစ်ရပ် ဖြစ်သည်။ Learned is not Wisdom ဟူသော အဆိုအမိန့်ကို သဘောပေါက် လျှင် ပညာတတ်နှင့်ပညာရှိကို ပိုင်းခြားနိုင်မည်ဖြစ်သည်။ မဟော်သဓာ လက်ထက် က Ph.D မပေါ်သေးပါ။ ဒီသာပါမောက္ခထံတွင် သူ့ခေတ်သူ့အခါ၏ အဋ္ဌာရသ ၁၈ ရပ်ကို သင်ကြားခဲ့သူဖြစ်သော်လည်း ပညာရှိအဖြစ် သမိုင်းမှာ အထင်အရှား တွေ့နိုင်မည်ဖြစ်သည်။ ဗုဒ္ဓက ပညာတတ်ရန်ထက် ပညာရှိစေသော အဆုံးအမ များကို အလေးထားခဲ့ပေသည်။

သံတမန်ရေးရာဂုရုတစ်ပါးဖြစ်သော အမေရိကန်၏နိုင်ငံခြားရေးဝန်ကြီး ဟောင်း Henry Kissinger က ၎င်း၏ Does America need a foreign policy? ဟူသော စာအုပ်တွင် "Leadership is the art of bridging the gap between experience and vision" ဟု ရေးထားသည်။ ခေါင်းဆောင်မှု အနက်ကို ဖွင့်ခဲ့ခြင်းဖြစ်သည်။ ပညာကို လိမ္မာပါးနပ်စွာ သုံးထားခြင်းလည်း ဖြစ် သည်။ ဗုဒ္ဓက "Art of Living" တန်ဖိုးရှိစွာ မည်သို့ နေထိုင်ရှင်သန်ရမည်ကို နှစ် ၂၆၀၀ ခန့်ကတည်းက အဖြေပေးပြီးသား ဖြစ်သည်။

တတ်ခြင်းသည် စာပေသိခြင်းသာဖြစ်၍ တစ်သားတည်း မကျသေးပါချေ။ သိခြင်းအဆင့်၏ လောကုတ္တရာ အသိကသာ ဖြဟ္မစိုရ်တရား လက်ကိုင်ထား တတ်ပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာပြီး တကယ့်ပညာအဆင့်သို့ ချဉ်းနင်းဝင်ရောက်နိုင်မည်ဖြစ်သည်။ ပညာလည်းတတ်၊ ပညာရှိသူများအတွက် အတိုင်းထက်အလွန်ဖြစ်ပါသည်။ ဗုဒ္ဓသည် ပညာကို မည်မျှအလေးထားခဲ့သနည်း ဟူမူ . . . ။ သဒ္ဓါတရားကို ဗုဒ္ဓက လက်ခံခဲ့သော်လည်း သဒ္ဓါအားကြီးပြီး ပညာ နဲ့လျှင် မယုံကြည်ထိုက်သောအရာ၌ ယုံကြည်လွယ်၍ လမ်းမှားသို့ရောက်တတ် ကြောင်း သတိပေးထားသည်။ ဗုဒ္ဓက ၎င်း၏ဝါဒကို မှတ်ကျောက်တင်ခံရာတွင် 'ဗုဒ္ဓသာသနာတော်တွင် ဝေဖန်ရေးသည်ကြောက်စရာမဟုတ်၊ မြတ်နိုးစရာသာ ဖြစ်သည်' ဟုမိန့်တော်မူခြင်းမှာ မည်မျှပညာနက်နဲ၍ အစမ်းသပ်ခံနိုင်သည်ကို ပြဆိုခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com

အဏုမြူဖခင်ကြီး အဲလ်ဘတ်အိုင်းစတိုင်းက သူ့ဘဝတစ်လျှောက် အတွေ့အကြုံများထဲမှ အနှစ်ချုပ် မှတ်ချက်မှာ 'ဘာသာရေးမပါသော သိပ္ပံပညာသည် အကန်းနှင့်တူ၍ သိပ္ပံပညာမပါသော ဘာသာရေးသည်လည်း အကျိုးနှင့်တူ၏' ဟု မှတ်ချက်ပေးခဲ့သည်။ ဗုဒ္ဓ၏ဝါဒသည် သိပ္ပံပညာဖြင့် အစမ်းသပ်ခံသော အယူဝါဒဖြစ်ပါ၏။ နာမည်ကြီး ရုရှားဆရာကြီး Tolstoy နှင့် နှစ်ဆယ်ရာစု အထူးချွန်ဆုံးသိပ္ပံပညာရှင်အိုင်းစတိုင်းတို့က ဒုက္ခတရားကိုသိမြင်၍ ဘဝကိုငြီးငွေ့သောကြောင့် ဘဝအသစ်ပြန်မဖြစ်လိုခြင်းသည် ဗုဒ္ဓ၏အဆိုအမိန့်ကို ထောက်ခံရာရောက်သည်။

ဗုဒ္ဓက သူများကိုအပြစ်မြင်မည့် (Extrovert) အစား မိမိကိုယ်ကို ကြည့်သော (Introvert) ကို အလေးပေးခဲ့၏။ ရရှိပြီးသော ဘဝကို အေးချမ်းစွာ ကုန်ဆုံးစေနည်းညွှန်ခဲ့သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို ထင်ရှားစေခဲ့သည်။ ဒုက္ခ နှင့် အတ္တတို့ကို ပေါ်လွင်စေခဲ့သည်။ လက်ရှိဘဝတွင် Quality of Life အရည်အသွေးကောင်းများ ရရှိရန်နှင့် Utmost Value ရရန် လမ်းစဉ်ပေးခဲ့သူဖြစ်ပါသည်။ အားလုံးသည် ပညာအခြေခံပြီး အခြားအရည်အချင်းများနှင့် ပေါင်းစပ်ကာ မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့် သွားရန် လမ်းကြောင်းထွင်ပေးခဲ့သူဖြစ်သည်။

**အနာဂတ်၏ရနံ့သစ်**

စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး နယ်ပယ်အသီးသီး၌ ရာစုနှစ်များစွာ တစ်ခုချင်း အင်အားကြီးမားစွာ ပြောင်းလဲနေရာယူခဲ့ပြီး ယနေ့ခေတ်ကို Knowledge Society ပညာအခြေခံလူမှုဝန်းကျင်အဖြစ် တင်စားကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများကြား စီးပွားရေး၊ စစ်ရေး၊ ပညာရေး၊ လူနေမှုစနစ် အကြီးအကျယ်ကွာဟသော ခေတ်လည်းဖြစ်ပါသည်။ ကမ္ဘာကြီးသည် Imbalance ဟူသော ချိန်ခွင်လျှာစောင်းသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ သတင်းကူးလူးပို့နှံ့နှုန်း မြန်ဆန်သည်နှင့်အမျှ Globalization ဟူသော ကမ္ဘာ့ရေစီးကြောင်းတွင် ရောင်လွှဲ မရဘဲ မျောပါနေရပြီလည်း ဖြစ်သည်။ မည်သူက Globalize လုပ်သနည်း၊ အင်အားကြီးသူတို့ နည်းပညာသာလွန်သူတို့ ကသာ ကမ္ဘာ့ရေစီးကြောင်းကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။

ယနေ့တစ်ဦးတည်းသော မဟာအင်အားလွန်နိုင်ငံမှာ အမေရိကန်သာဖြစ်၍ Globalization ၏နောက်တွင် Americanization က ကပ်ပါပြီးသား ဖြစ်နေပါသည်။ Campaign with Terrorism ဟု အမေရိကန်က အော်သည်နှင့်

mgyoe.com

mgyoe.com


တစ်ကမ္ဘာလုံး အကြမ်းဖက်ဆန့်ကျင်ရေးဖြစ်သွားကြသည်။ Coca-Cola ၏ အရှိန်သြဇာက အမေရိကန်၏အထိမ်းအမှတ်၊ ဆယ်စုနှစ်များစွာ မပြေလည်သော အစ္စရေး ပါလက်စတိုင်းကို အမေရိကန်က Road Map ဟု ဦးဆောင်မှုပေးခဲ့ရာ လိုက်နာလိုက်ရသည်။ ကိုဆိုဗို၊ အာဖဂန်နစ္စတန်နှင့် အီရတ်တို့ကို စစ်ရေးအရ အရေးယူခဲ့ရာတွင် ကုလသမဂ္ဂအခန်းကဏ္ဍကို လေးစားစွာအရေးထားရန်မလိုခဲ့။ အင်အားချိန်ခွင်လျှာညှိမည့်သူမရှိဖြစ်နေသည်။ နည်းပညာပေါက်ကွဲမှုဖြစ်စဉ်ကလည်း ကမ္ဘာတစ်ဝန်း စာအားဖြင့်သာရေးကြသော်လည်း တကယ်တမ်းအမေရိကန်မှာသာ အဖြစ်ဆုံးဖြစ်သည်။ စီးပွားရေး၊ စစ်ရေး၊ နည်းပညာဘက်ပေါင်းစုံက အခြေအနေအလေးသာနေသဖြင့် Super Country at Large ဖြစ်နေပါသည်။ နှစ်ဆယ့်တစ်ရာစုအဝင်မှ ယနေ့ကာလ နှစ်အနည်းငယ်အတွင်းမှာပင် ကမ္ဘာအရပ်ရပ်၏ တုံ့ပြန်မှုကို စစ်ရေးသုံးကြိမ်ဖြင့်စမ်းသပ်ခဲ့ပြီးဖြစ်သဖြင့် အနာဂတ်၏ ရန့်သစ်သည် အနောက်ဘက်မှသာ လာဖို့ဖြစ်နိုင်ခြေများနေပါသည်။ သင်းပျံ့မွှေးထုံသော ရန့်သစ်သာဖြစ်စေရန် ဆုတောင်းဆန္ဒပြုရပါသည်။

၀

mgyoe.com

mgyoe.com

# ကြိုတင်ပြင်ဆင်ခြင်း

အသိဉာဏ်မဖွံ့ဖြိုးမီခေတ်က ကြိုတင်ပြင်ဆင်တတ်သော အလေ့အထ မပေါ်သော်လည်း အသိဉာဏ်ဖွံ့ဖြိုးလာသည်နှင့် ကြိုတင်ပြင်ဆင်ခြင်းကို အလေးပေးဆောင်ရွက်လာကြပါသည်။ ငယ်စဉ်အသိဉာဏ်မသန်စွမ်းမီ မိဘက ကျောင်းထားပေးခြင်းသည် ထိုသူငယ်အရွယ်ရောက်သည့်အခါ ဘဝကိုရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ပေးခဲ့ခြင်း ဖြစ်၏။ တစ်စတစ်စ အသိဉာဏ် ရင့်သန်လာသည်နှင့်အမျှ မိဘ၏အရိပ်အာဝါသမှလွတ်ကင်းကာ မိမိဘဝကိုတည်ဆောက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းကို ကိုယ်တိုင် ဆောင်ရွက်ကြရတော့သည်။ အသိဉာဏ် အရင့်အနုကို လိုက်၍ ကြိုတင်ပြင်ဆင်မှုကောင်းခြင်း ညံ့ခြင်းဟူ၍ ကွဲပြားလာသည်။

မျိုးဆက်သစ်များ၏ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက်လာမှု၊ အမြင်အတွေးပိုမိုနက်နဲလာမှုတို့ကြောင့် မျက်မှောက်ကမ္ဘာကြီးတွင် ပိုမိုပြင်းထန်သော ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာရပါသည်။ ကြိုတင်ပြင်ဆင်မှုကို ကြောက်ရွံ့သူများ၊ အလေးမထားသူများ 'ထမင်းနှစ်နပ်တော့မငတ်ပါဘူး' ဟု ကျယ်လောင်စွာ မပြောရဲကြတော့။ တွန်းတွန်းတိုက်တိုက်လုပ်ရသောခေတ်ဖြစ်သဖြင့် အနာဂတ်ကာလအတွက် မည်သို့ ကြိုတင်ပြင်ဆင်ထားနိုင်သည်ဆိုသော အရည်အသွေးပေါ်တွင် မူတည်၍ လူလူချင်း ကွဲပြားခြားနားသွားကြသည်။ Planning ဟူသည် ကြိုတင်ပြင်ဆင်မှုထဲက တစ်ခုဖြစ်သည်။ အတွေးနက်သူတို့က Life Planning အထိ မျှော်တွေးလုပ်ဆောင်လေ့ရှိကြ၏။ နိစ္စဓူဝ ဝမ်းစာရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသော စီးပွားရေးမှသည် လူတစ်ဦး အသက်ကုန်ဆုံးခါနီးထိ မိမိတို့

mgyoe.com

mgyoe.com

ယုံကြည်ရာဘာသာအလိုက် နောက်ဘဝအတွက် ကြိုတင်ပြင်ဆင်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ အသေးအမွှားဖြစ်လင့်ကစား ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုဖြင့် လုပ်တတ်လျှင် အလေ့အထကောင်းအဖြစ် ရရှိမည်ဖြစ်သည်။ ကာလရှည်ကြာ ရင့်ကျက်လာသည်နှင့်အမျှ အရာရာကို ကြိုတင်ပြင်ဆင်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းကောင်းကို တိုးတက်ရရှိမည် ဖြစ်ပါသည်။ အလေ့အထကောင်းသည် ဦးစွာကျင့်ကြံမှုမှ စတင်ရပါသည်။

မီတာ ၁၀၀ ပြေးပွဲကို ကျင့်ကြံမှုမရှိဘဲ အောင်မြင်နိုင်မည်မဟုတ်ပါ။ ကျင့်ကြံမှုရှိသည်ချင်းတူလျှင် ကြိုတင်ပြင်ဆင်မှုရှိသောသူက အောင်ပွဲဆင်ရန် အခွင့်အရေးပိုသည်ချည်းဖြစ်၏။ ကျန်းမာရေးဂရုစိုက်ခြင်း၊ အစားအသောက်ဆင်ခြင်ခြင်း၊ အအိပ်မှန်ခြင်းစသော ကြိုတင်ပြင်ဆင်မှုလောက်မျှကိုတော့ အနည်းဆုံး ပြုလုပ်ရမည် ဖြစ်သည်။ မီတာ ၁၀၀ မျှသော တာတိုပြေးပွဲကိုပင်လျှင် ထိုသို့ပြင်ဆင်ကျင့်ကြံရသေးလျှင် လူ့ဘဝတစ်လျှောက်လုံးအတွက်မူ ဆိုဖွယ်ရာရှိမည်မဟုတ်ချေ။ ဗုဒ္ဓလက်ထက် အမေးတစ်ခုရှိခဲ့ဖူး၏။ နိဗ္ဗာန်ကိုသိသူသည် နိဗ္ဗာန်သို့ရောက်နိုင်၊ မရောက်နိုင်ဆိုသည့် အမေးဖြစ်၏။ လုံးဝမသိသေးသူနှင့်စာလျှင် သိသူက တန်ဖိုးကြီးမားသော်လည်း ပြင်ဆင်ကျင့်ကြံမှုမရှိလျှင် နိဗ္ဗာန်သို့ မရောက်နိုင်ကြောင်း ဗုဒ္ဓက ဖြေကြားခဲ့၏။ စပါးမှ ထမင်း တိုက်ရိုက်မဖြစ်၊ ဆန်ဖွတ်၊ ဆန်ဆေး၊ ထမင်းအိုးတည်ခြင်းပြီးမှသာ ထမင်းဖြစ်သည်။ လိုအပ်သော ကြိုတင်ပြင်ဆင်မှုရှိမှသာ အချိန်မီထမင်းစားနိုင်သည့်သဘောဖြစ်သည်။

အသက်နှင့်ခန္ဓာကိုယ် တည်သည်မှန်သော်လည်း အသိနှင့် တိုးတက်မှုကို တည်ဆောက်ကြကြောင်း အလေးအနက်သိသင့်သည်။ တစ်ဖန် ထိုအသိကပင် အသက်နှင့် ခန္ဓာကို ပြုစုပျိုးထောင်ခြင်းလည်း ဖြစ်ပါသည်။ အသိသည် အရာရာကို ဦးဆောင်သည့် ပင်မအခြေခံဖြစ်သည်။ အသိကြောင့် လုပ်ဆောင်ချက်ပေါ်လိုက်၍ ကောင်းမှု၊ မကောင်းမှုက 'ကံ' တရားများ ပေါ်ထွန်းလာရသည်။ အသိကောင်းလျှင် 'ကံ' ကောင်း၍၊ အသိညံ့လျှင် 'ကံ' ညံ့တတ်ပါသည်။ ရှေးက 'အသိဉာဏ်' ဟု ဝေါဟာရထားခဲ့ရာ ယနေ့ပညာခေတ်သို့ ရောက်၏။ ရှေးကတည်းက ပညာကိုအလေးထားခဲ့ကြောင်း သိသာထင်ရှားသည်။ ဘီစီ ၆ ရာစု တရုတ်ပြည်တွင် အသိပညာရှင်များ အများအပြားပေါ်ထွန်းခဲ့ပြီး ထိုခေတ်ထိုအခါ အုပ်ချုပ်သူများကလည်း အလေးအနက်ထား၍ကြိုဆိုခဲ့ကြကြောင်း လေ့လာခဲ့ဖူးသည်။ ကွန်ဖြူးရှပ်(စ်)၊ ဆွန်ဇူး စသောပညာရှိများ လျှမ်းလျှမ်းတောက် ကျော်စောခဲ့ပြီး ယနေ့ခေတ်လူသားများပင် ၎င်းတို့၏အဆိုအမိန့်များကို လိုက်နာကျင့်ကြံနေကြရ

mgyoe.com

mgyoe.com

ပါသေးသည်။ အိန္ဒိယတွင်လည်း ဗုဒ္ဓ၊ မဟာဝီရစသော မဟာလူသားများ ပေါ်ထွန်းခဲ့ပြီး ဗုဒ္ဓ၏ သာသနာတော် ယနေ့တိုင် တည်တံ့ခဲ့သည်အထိ ထွန်းတောက်ခဲ့ရပါသည်။ ဗုဒ္ဓ၏အဆုံးအမသည်ပညာပေါ်တွင်သာ အခြေခံ၍ ဘဝတစ်ခုကို မည်သို့ တည်ဆောက်သွားရမည်ဆိုသော လောကီဒဿနများအပြင် သံသရာနှင့် စပ်လျဉ်း၍ ဒုက္ခနှင့် အတိပြီးသော ဘဝများကို မည်သို့ဖြတ်တောက်ရမည်ဆိုသော လောကုတ္တရာဆိုင်ရာ နိဗ္ဗာန်သွားရာ လမ်းကြောင်းကိုလည်း ကွက်ကွက်ကွင်းကွင်း ချပေးခဲ့သည်။ အသိဉာဏ်ရှိသော လူသားများအနေဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာတွင် ကြိုတင်ပြင်ထားသင့်သည်။

ဘက်စုံတိုးတက်မှု အံ့မခန်းသော ယနေ့ခေတ်တွင် ကြိုတင်ပြင်ဆင်မှု မရှိသောသူများသည် အတိုင်းအတာတစ်ခု အထိသာ ရှင်သန်နိုင်မည်ဖြစ်သည်။ ကံကောင်း၍ အဖွဲ့အစည်းအငယ်တို့၏ ဦးဆောင်သူဖြစ်လာသည့်တိုင် ထို့ထက်ကြီးသော အဖွဲ့အစည်းများအဖြစ် ကူးပြောင်းနိုင်မည်မဟုတ်။ အနာဂတ်ကို ပုံဖော်မျှော်မှန်း၍ မနက်ဖြန်ပေါင်း မြောက်မြားစွာအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်သည်။ ကြိုတင်ပြင်ဆင်မှုမည်မျှကောင်းမွန်ခြင်း၊ ထိရောက်ခြင်းသည် ထိုသူ၏ အနာဂတ်နှင့် တိုးတက်မှုပင်ဖြစ်သည်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်နိုင်ငံချင်း ပြိုင်ဆိုင်မှုပြင်းထန်သော ယနေ့ကမ္ဘာတွင် Future Planning ကို ကြိုတင်ပြင်ဆင်ရေးဆွဲရာ၌ ထည့်သွင်းတွက်ချက်ရသော ရှုထောင့်များသည် နယ်ပယ်အသီးသီး ရှုထောင့်အစုံစုံက ရေပက်မဝင်ဖြစ်သည်။ မည်မျှကျယ်ကျယ်ပြန့်ပြန့်၊ မည်မျှဝေးဝေး ကြည့်ရှုနိုင်သည့်အပေါ်တွင် အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းရလဒ်များက စောင့်ဆိုင်းနေမည်ဖြစ်သည်။ နိုင်ငံရေးဆိုသည်မှာ လူတစ်ဦးချင်း စားဝတ်နေရေးလုပ်ဆောင်မှုမှစ၍ ပုဂ္ဂလိက၊ ဌာနဆိုင်ရာ ဝန်ထမ်းများအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသော အရေးအရာ အားလုံး၏ဆောင်ရွက်ချက်များ အကျုံးဝင်နေသဖြင့် လူတိုင်းနိုင်ငံရေး နေ့စဉ်လုပ်ဆောင်နေသည်ဟုဆိုလျှင် မမှားပေ။ ဆိုင်ရာ နယ်ပယ်အသီးသီးတို့အတွက် ကြိုတင်ပြင်ဆင်မှုကောင်းရန်သာ ဖြစ်သည်။

တစ်ဦးချင်းမနက်ဖြန်မှသည် ဘဝတစ်ခုအဆုံးအထိ မျှော်မှန်းကြိုတင်ပြင်ဆင်သင့်သလို အဖွဲ့အစည်းများ၏ ဦးဆောင်သူတို့ကလည်း မိမိအဖွဲ့အစည်း တိုးတက်ရာတိုးတက်ကြောင်းတို့အတွက် ကောင်းမွန်သောစီမံကိန်းများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ထားသင့်ကြပေသည်။ ယှဉ်ပြိုင်မှုများ၌ ကြိုတင်ပြင်ဆင်မှုကောင်းသူတို့ အသာစီးရအောင်ပွဲခံနိုင်သည်မှာ ထိုသူတို့၏စွမ်းရည်ပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်းစာမျက်နှာ၌ ထင်ရှားသော သမိုင်းမှတ်တိုင်အဖြစ် အီရတ်အရေးအခင်းသည်

mgyoe.com

m gyee.com


ယခုနှစ် ၂၀၀၃ တွင် ဖြစ်ပွားခဲ့၏။ တစ်ဖက်နှင့်တစ်ဖက် မည်သို့ကြိုတင် ပြင်ဆင် အနိုင်ယူသွားကြသည်ကို လေ့လာလျှင် စိတ်ဝင်စားဖွယ်ရာကောင်းစွာ တွေ့ရမည် ဖြစ်သည်။ အီရတ်သမ္မတ ဆဒမ်ဟူစိန်သည် ရည်ရွယ်ချက်ကြီးမားသော ခေါင်း ဆောင်တစ်ဦးဖြစ်ပြီး အာရပ်ကမ္ဘာ၏ လေးစားချစ်ခင်မှုကိုရရှိခဲ့သော အီဂျစ်သမ္မတ နတ်ဆာကဲ့သို့ ဖြစ်လိုသူဖြစ်သည်။ ရေနံဖြင့် ချမ်းသာနိုင်သော နိုင်ငံဖြစ်သော်လည်း အပြင်အဆင်အခင်းအကျင်း မှားယွင်းမှုကြောင့် အာရပ်ကမ္ဘာ၏ အလုံးစုံသော ထောက်ခံမှုကို ဆုံးရှုံးခဲ့ရသည်။ မပိုင်ဘဲ ခြင်ရိုက်မိခဲ့သော ၁၉၉၁ ကူဝိတ်အရေး အခင်းတွင် အာရပ်နိုင်ငံများအချင်းချင်းပင် စိုးတထိတ်ထိတ်ဖြင့် ဆက်ဆံနေရ သော ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ အစ္စလာမ်နိုင်ငံများကိုသာ အာရုံပြုခဲ့ပြီး ကျန် အနောက်ဥရောပနိုင်ငံများနှင့် မိတ်ဖက်ဝေးခဲ့သောကြောင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် ၁၄၄၁ နှင့် တကယ်စစ်ဖြစ်သည့်အခါ ဆီးရီးယားမှလွဲ၍ မိတ်ဆွေစစ် နှင့် ဝေးရသူ ဖြစ်သည်။ ပန်းတိုင်တစ်ခုအတွက် ကြိုတင်ပြင်ဆင်မှု မှားယွင်း ခြင်းများ ဖြစ်သည်။ ပြည်တွင်းအုပ်ချုပ်မှုပုံစံ မှားယွင်းခဲ့မှုကြောင့် တကယ်စစ်ဖြစ် သည့်အခါ ဗီယက်နမ်ကဲ့သို့ ပြည်သူအများနှင့် တစ်သားတည်းမဖြစ်ခဲ့ရ။ ၄င်း၏ ဘာ(သ်) ပါတီနှင့် ဆဒမ် ယုံကြည်ကိုးစားအားထားသော Republican Guard မြို့စောင့်တပ်မှ အနည်းငယ်သောသူများသာ ခုခံခဲ့ကြသည်။ စစ်ရေးပြင်ဆင်မှု အားနည်းခဲ့သဖြင့်လည်း နိုင်ငံနှင့်ချီသောစစ်ပွဲသည် ရက် ၂၀ မျှအတွင်း မရှုမလှ ကျဆုံး၍ တစ်နိုင်ငံလုံးလက်လွှတ်လိုက်ရသောအခြေဖြစ်ခဲ့ရသည်။ သူ့အတွက် ပုဂ္ဂလိကကြိုတင်ပြင်ဆင်မှုမှာတော့ ကောင်း၏။ ရေပက်မဝင်၊ ဘဂ္ဂဒက်မြို့ကျပြီး သည်နှင့် ဆဒမ် ပျောက်သွားသည်။

အမေရိကန်၏ ကြိုတင်ပြင်ဆင်မှုကိုလေ့လာလျှင် ဒုတိယကမ္ဘာစစ် မတိုင် မီက အင်အားမကြီးခဲ့သော နိုင်ငံသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားမှု၏ အရင်းအမြစ်ကို နားလည်ခဲ့ပြီးနောက် အသိနိုးကြားလာခဲ့ရသည်။ ရှည်ကြာသော ကမ္ဘာစစ်အတွင်း မှာပင် Howard Huge ကဲ့သို့သော လက်နက်ထုတ်လုပ်သူများကိုအားပေးပြီး ကမ္ဘာသို့ လက်နက်ရောင်းချ၏။ အင်အားကြီးနိုင်ငံတစ်ခုမဖြစ်ခဲ့လျှင် မိမိနိုင်ငံ မလုံခြုံဟူသော Concept ကို ရသည်နှင့်အမျှ နိုင်ငံအင်အားကြီးရန် စီးပွားရေး ဖောင်းပေးခဲ့သည်။ ခေတ်တောင့်တင်းသည့်အခါ အသိကို အမှန်ရရှိစေမည့် ပညာရေး စနစ်များကို ပြုပြင်ပြောင်းလဲခဲ့သည်။ သမ္မတအဆက်ဆက် နှစ်ပေါင်း ၅၀ ကျော် အတွင်း ကန့်လန့်ကာနောက်ကွယ်က မူဝါဒများချမှတ်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်ရေးဟူသော

mgyee.com

mgyoe.com
၎င်းတို့၏ မဟာဗျူဟာနိုင်ငံရေး ရည်မှန်းချက်အောင်မြင်စေရန် အဘက်ဘက်က ကြိုတင်ပြင်ဆင်ခဲ့ခြင်းများ ဖြစ်သည်။ ဥရောပတိုက်၏ မောင်းနှင်အားဖြစ်သော ပြင်သစ်၊ ဂျာမနီတို့၏ နေရာကိုယူလာနိုင်ပြီး ကမ္ဘာတွင် ရုရှားတို့နှင့် ချိန်ခွင်လျှာညှိနိုင်သည့် မဟာအင်အားကြီး ၂ နိုင်ငံအနက် တစ်ခုဖြစ်လာသည်။ နိုင်ငံရေး ရည်မှန်းချက်ချင်းမတူသောပြိုင်ဖက်နိုင်ငံကို Human Right ဟူသော လူသားဆိုင်ရာ အခွင့်အရေးလုံချက်ဖြင့် အသေထိုးကာ ဆိုဗီယက်ရုရှားကို အစိတ်စိတ်အမြွှာမြွှာပြိုကွဲစေခြင်းမှစ၍ ကမ္ဘာတွင် တစ်နိုင်ငံတည်းသော 'မဟာအင်အားလွန်' နိုင်ငံဟူသော ပလ္လင်ကို ရရှိခဲ့သူဖြစ်သည်။

မည်သည့်အရာမှ ခြောက်ပြစ်ကင်းမရှိစေကာမူ အမေရိကန်၏ အပြင်အဆင် ကောင်းမွန်ပုံကို ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်၏ ရွေးကောက်ပွဲကို လေ့လာလျှင် ခပ်ရေးရေးသိနိုင်မည်ဖြစ်သည်။ လူထုဆန္ဒကြိုတင်ကောက်ယူသော ရွေးကောက်ပွဲမတိုင်မီပွဲတွင် သမ္မတဖြစ်ရန် အလားအလာနည်းခဲ့ခြင်းကို အမေရိကန်မှအဖွဲ့တစ်ဖွဲ့ အချိန်မီရောက်ရှိလာပြီး ယဲလ့်ဆင်သမီးနှင့် ပူးပေါင်းကာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ယဲလ့်ဆင် သမ္မတရာထူး ရခဲ့ပေသည်။ ပို၍ ဝေးဝေးမြင်နိုင်ပြီး မဟာဗျူဟာကောင်းစွာချမှတ်နိုင်ကာ ကြိုတင်ပြင်ဆင်မှုများကောင်းခဲ့သောကြောင့် အမေရိကန်သည် ယနေ့ကမ္ဘာ၌ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးသြဇာ၊ ပညာရေး၊ ကျန်းမာရေးစသည်တို့၌ အသာစီးရနေရခြင်း ဖြစ်သည်။ လူဦးရေသန်း ၂၀၀ ကျော်ရှိသော အမေရိကန်၏စီးပွားရေးအဆောက်အဦသည် လူဦးရေသန်း ၁၃၀၀ ကျော်သောတရုတ်နှင့် လူဦးရေသန်း ၁၀၀၀ ရှိ အိန္ဒိယစီးပွားရေးအဆောက်အဦထက် အဆများစွာကြီးနေသည်ကို လေ့လာလျှင် မဟာဗျူဟာမည်မျှမှန်ကန်မှုနှင့် ကြိုတင်ပြင်ဆင်မှု မည်မျှကောင်းမွန်သည်တို့ကို မှတ်သားနိုင်မည်ဖြစ်သည်။

အီရတ်စစ်ပွဲမတိုင်မီအမေရိကန်တို့၏ စစ်ရေး၊ သံတမန်ရေးရာ ကြိုတင်ပြင်ဆင်မှုများကိုလေ့လာလျှင် မည်မျှ ထိရောက်မှုရှိကြောင်း တွေ့နိုင်မည်ဖြစ်သည်။ Axis of G.F.R (Germany, France, Russia) မှသာ ပြင်းထန်သော ဆန့်ကျင်ဘက်ကို ရရှိပြီး စစ်ဆင်ရေးဆင်နွှဲမှုအတွက် နိုင်ငံလေးဆယ်ခန့်၏ ပူးပေါင်းထောက်ခံမှုကို ရရှိပြီးဖြစ်သည်။ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက် ၁၄၄၁ ကို အသာစီးရအောင် ရေးဆွဲထုတ်ပြန်နိုင်စေခဲ့သည်။ သံတမန်ရေးရာပိုင်း ပြင်ဆင်မှု ကောင်းမွန်ခဲ့ခြင်းကြောင့် ဖြစ်သည်။ အီရတ်သည် အာဖဂန်နစ္စတန်ကဲ့သို့ နိုင်ငံငယ် မဟုတ်ချေ။ ကမ္ဘာ့ရေနံသိုက် ဒုတိယအကြီးဆုံးရှိသော နိုင်ငံဖြစ်ပြီး ထိုက်သင့်သော သြဇာရှိရာ နိုင်ငံကြီးတစ်ခုလည်း ဖြစ်ပါသည်။ စစ်လက်နက်တောင့်တင်းပြီး စစ်သည်
mgyoe.com

mgyoe.com

အင်အားပါ တောင့်တင်းသည့်နိုင်ငံတစ်ခု ဖြစ်ပါသည်။ စစ်ဆင်ရေးမစမီ ဗီယက်နမ်ကဲ့သို့ အဖြစ်ဆိုးဖြင့် အမေရိကန်ရှုံးနိမ့်နိုင်ကြောင်း သတိပေးခံရသော အနေအထားလည်း ဖြစ်သည်။ စစ်ပွဲရှည်ကြာနိုင်ကြောင်း စစ်ရေးပါရဂူများက သုံးသပ်ထားရသောအခြေအနေလည်းရှိသည်။ စစ်မတိုက်မီအမေရိကန် ကာကွယ်ရေးဝန်ကြီး Donald Ramsfeld က ခြောက်ရက် (သို့မဟုတ်) ခြောက်ပတ် ကြာနိုင်ကြောင်းနှင့် ခြောက်လတော့ကြာမည်မဟုတ်ဟု ၎င်းတို့၏ ပြင်ဆင်ထားမှုကို အတိအလင်းပြောသွားခဲ့သည်။

အင်အားကြီးနိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်အနိုင်ယူနိုင်ခြင်းသည် တကယ့်လက်တွေ့၌ ရက်ပေါင်း ၂၀ မျှသာ ကြာညောင်းခဲ့သည်။ ကြိုတင်ပြင်ဆင်မှုမကောင်းလျှင် စီမံကိန်းပြီးမြောက်နိုင်မည်မဟုတ်ဘဲ ကြိုတင်ပြင်ဆင်မှုကောင်းခဲ့ခြင်းကြောင့် ပြောသည့်အတိုင်း လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သာဓကတစ်ခုပင်ဖြစ်ပေသည်။ အခြားနိုင်ငံများနှင့် ရင်ဆိုင်ရသော နိုင်ငံရေးစစ်မျက်နှာတွင်လည်း ပြင်သစ်၊ ဂျာမနီ၊ ရုရှားတို့၏ ဆန့်ကျင်မှုကိုခံရလျှင် မည်သို့တုံ့ပြန်မည်ကို အမေရိကန်တို့ ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့သည်။ စစ်ပွဲစပြီးမကြာမီ အမေရိကန်လွှတ်တော်မှ ဆန့်ကျင်နိုင်ငံများအတွက် ရေနံလုပ်ငန်းကို လုပ်ကိုင်ခွင့် အာမခံမပေးဘဲ အီရတ်နိုင်ငံပြန်လည်တည်ဆောက်မှုတွင် ပါဝင်မှုမပြုစေရဟူသော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ အလွန်လျင်မြန်သော တုံ့ပြန်မှုကိုပြုနိုင်ခဲ့ခြင်းမှာ ဘာဖြစ်လျှင် ဘာလုပ်မယ်ဟူသော ကြိုတင်ပြင်ဆင်ထားမှုကြောင့် ဆောင်ရွက်နိုင်ခဲ့သော လက္ခဏာတစ်ရပ်ဖြစ်ပေသည်။

လုပ်ရပ်ကြီးလျှင် ကြိုတင်ပြင်ဆင်မှုကောင်းရမည့်အပြင် မဟာဗျူဟာလည်း မြောက်ရမည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုသည် အနာဂတ်၏တန်ဖိုးလည်းဖြစ်ပြီး ရပ်တည်ရှင်သန်ရေးလည်းမည်သည်။ အသိနှင့် အတတ်ပညာ ခေါင်ဖျားရောက်နေသောခေတ်တွင် မိမိအတွက် မည်မျှကြိုတင် ပြင်ဆင်ထားသည်ကို သတိပြုမိရန်ဖြစ်သည်။ သာမန်ကြိုတင်ပြင်ဆင်မှုမှသည် ကောင်းမွန်စွာ အစွမ်းထက်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

၀

mgyoe.com

mgyoe.com

# တော်သည်၊ ကောင်းသည်၊ တတ်သည်၊ သိသည်

အတန်းထဲမှာ လူတော်ဟုဆိုလျှင် အဆင့် ၁ ရသူကို ပြေးမြင်ကြသည်။ အဆင့် ၅၊ ၆ လောက်ဆို လူတော်ဟု မသတ်မှတ်တော့။ လူကောင်းတွေ ဘယ်သူလဲဟုဆိုလျှင် မောင်ဖြူ၊ မောင်နီစသည်အားဖြင့် အနည်းဆုံး လေးငါး ဆယ်ယောက်လောက်ကို ပြောနိုင်မည်ထင်သည်။ အရေအတွက်အားဖြင့်ပင် လူတော်နှင့်လူကောင်း အချိုးအစားကို သိနိုင်မည်ဖြစ်သည်။ ဦးစားပေးရာအရ လည်း ရှေးကပင် (လူတော်၊ လူကောင်း) ဟူ၍ စကားလုံးတွဲဖြင့် ထားရစ်ခဲ့ပြီး ဖြစ်သည်။ လူတော်နှင့် လူကောင်းဖြစ်ဖို့ မည်မျှ မည်သို့ လွယ်ကူသည်ကို ဤသို့ ထပ်မံစဉ်းစားကြည့်နိုင်သေးသည်။ တစ်ဦးတစ်ယောက်သည် အဆုံးအမကာစ်ခုကို ရရှိပြီးနောက် ကောင်းမှုမကောင်းမှုကို ခွဲခြားသိရှိပြီး တစ်ခဏပြင်ဆင်သည်နှင့် လူကောင်းဖြစ်နိုင်ပေပြီ။ တစ်ဦးတစ်ယောက်သည် အတတ်ပညာတစ်ခုကို သင်ကြားရ ယူပြီး မဟော်သတာကဲ့သို့ထွန်းတောက်လိုသော်လည်း ဘဝပေါင်းများစွာအထိ မသေချာ။ သိပ္ပံပညာ သင်ကြားခဲ့ရသော သန်းပေါင်းများစွာသော သူများအနက် $E=MC^2$ ကို ရေးနိုင်ခဲ့သူမှာ အိုင်းစတိုင်းတစ်ဦးတည်းသာဖြစ်သည်ကို မမေ့သင့်။

တော်သူနှင့် ကောင်းသူတို့၏ တန်ဖိုးတွင် မည်မျှတော်ခွင့်၊ ကောင်းခွင့် ရှိကြသနည်းဟူသော အဖြေပေါ်တွင် မူတည်ပါသည်။ တော်သည့်သူများသည် ကောင်းမှု မကောင်းမှုကို သိသည်နှင့်တစ်ပြိုင်နက် လူကောင်းဖြစ်နိုင်ကြသော် လည်း၊ လူကောင်းများတော်နိုင်ကြရန်မှု ကြိုးစားမှု၊ ဉာဏ်ရည်နှင့် ပါရမီတို့ ပြည့်ဆည်းနိုင်မှ ဖြစ်သည်။ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ ရဟန္တာများတွင် မည်သူက ပိုကောင်း

mgyoe.com

သည်ဟူ၍ မရှိတော့၊ ပါရမီအဟုန်၊ ဉာဏ်တော်အရာဖြင့် အတော်ဆုံး၊ ပညာအရှိဆုံးမှာ ဗုဒ္ဓသာဖြစ်၍ ထိုထိုမျှဂုဏ်အင်္ဂါဖြင့် ပညာအရာတွင်တော်သော ဗုဒ္ဓမျိုးမှာ နှစ်အသင်္ချေကြာမှ တစ်ဆူရတောင့်ရခဲ ဖူးပွင့်လေ့ရှိကြသည်။ ယေဘုယျအားဖြင့် ခြုံငုံ၍ တော်သည်၊ တော်သူဟုဆိုလျှင် အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်ပြီ ဖြစ်၍ လူကောင်းလည်းဖြစ်ပြီး ဖြစ်ပါသည်။ တစ်ခုချင်း 'ထက်'ကြသူတို့မှာ 'ချွန်' သည့် အဆင့်သာဖြစ်၍ အကယ်မူ လူတော်မဟုတ်သေးပါ။ အဆင့် ၁ ရရန် ဘာသာစုံထူးချွန်၍ အမှတ်ပေါင်းထိပ်ရောက်ပါမှဖြစ်သည့် သဘောမျိုးပင်၊ လူတော်များသည် နယ်စုံ၊ ကဏ္ဍစုံများ၌ တော်လေ့ရှိကြသည်။ စူးစူးရဲရဲ၊ ထိုးထိုးဖောက်ဖောက်ရှိကြပါသည်။ လုပ်ရဲကိုင်ရဲသတ္တိနှင့်လည်း ပြည့်စုံကြသည်။ ချင့်ချိန်မျှော်တွေးနိုင်စွမ်းလည်း ရှိသည်။ အမှန်တရားကို မြတ်နိုး၍ မမိုတ်မသုန်သော ရည်ရွယ်ချက်ဖြင့်လည်း လုပ်တတ်သောသဘာဝရှိသည်။

မောင်ဖြူကို လူကောင်းဟုသတ်မှတ်လျှင် ၎င်း၏ ပုဂ္ဂလိက ကိုယ်ကျင့်သိက္ခာဟူသော ပေတံဖြင့်တိုင်းတာလျှင် လုံလောက်၏။ မောင်ဖြူ တော်သည်ဟုဆိုလျှင်ကား တိုင်းတာရန် ပေတံများစွာ ရှိလာမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေး စနစ်ဖြစ်၍ စီးပွားရေးပေတံတစ်ခုဖြင့် တိုင်းတာလျှင်ပင် ပေတံခွဲများ များစွာရှိသေး၏။ ကုန်သွယ်မှုမှာတော်တာလား၊ ဝန်ဆောင်မှုရော လုပ်တတ်သလား၊ ထုတ်လုပ်မှုမှာကျွမ်းကျင်သလား၊ ရင်းနှီးမြှုပ်နှံမှုများမှာရော သတ္တိရှိရဲ့လား၊ စီးပွားရေးပညာ၊ အခြေခံအတန်းပညာ၊ ပြည်တွင်းအတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံတွေရော ဘယ်လောက်ရှိပြီလဲ . . . ။ သွေးအေးလား၊ သွေးပူလား၊ အဆုံးအဖြတ်မြန်လား၊ နှေးလား၊ ရလဒ်ကောင်းလား၊ ဆိုးလား . . . ! စသည်ဖြင့် အရည်အချင်းစစ်စာမေးပွဲမြောက်မြားစွာကို ဖြေဆိုအောင်မြင်နိုင်မှ၊ ဂုဏ်ထူးထွက်မှ တော်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ ကောင်းခြင်း၊ ဆိုးခြင်းကို လောကပါလတရားသိရှိသူ လူတန်းစားမရွေးက ဆုံးဖြတ်နိုင်သော်လည်း 'တော်ခြင်း'အဆင့်တွင် ကွမ်းယားရောင်းသောသူက ဆုံးဖြတ်၍မရနိုင်ပါ။ အလယ်တန်းအဆင့် အောင်မြင်ပြီးသူသည် မူလတန်းထက်စာလျှင် တော်သည်ဟု သာမန်အမြင် သိရှိနိုင်သော်လည်း အထက်တန်း အောင်မြင်ပြီးသူနှင့် ယှဉ်လျှင် နိမ့်ကျပါသေးသည်။ ပါမောက္ခတစ်ဦးရှေ့တွင် ယုန်သူငယ်မျှသာ ဖြစ်ပါလိမ့်မည်။ ကံငါးပါး မချိုးဖောက်ပါက လူကောင်းတစ်ဦး ဖြစ်နိုင်သော်လည်း နိဗ္ဗာန်သွားရာလမ်းကြောင်းအတွက်မူ ဝိပဿနာကို နားလည်ကျင့်ကြံနိုင်ရမည် ဖြစ်သည်။ ဉာဏ်နည်းသူ၊ ရုပ်နာမ်ကိုပင် မခွဲခြားနိုင်သူများရှိပါသည်။ ကံ၊ စိတ်၊ အာဟာရ၊ ဥတုကို မနည်းလိုက်နေရသူ

mgyoe.com

mgyoe.com


များရှိပါသည်။ ပိပသာနာကျင့်ကြရာတွင် စိတ်၏သိမ်မွေ့ခြင်းသဘောတရားနှင့် ဝေးကွာနေသူများ ရှိနေပါသည်။ စိတ်ကို ထိန်းကျောင်းရန်အစား ချုပ်တည်းခြင်းဖြင့် ရောထွေးနေတတ်ကြပါသည်။ မည်သို့ကျင့်ကျင့် ဉာဏ်စဉ်မတက်နိုင်ကြခြင်းသည် ဉာဏ်အရာနည်းပါး၍ ဖြစ်ပါသည်။ ပါရမီမပါ၊ မတော်၍ဟု နားလည်နိုင်မည်ဖြစ်ပါသည်။

အတန်းပညာသည် ဖတ်ခြင်း၊ မှတ်ခြင်း၊ ကျက်ခြင်းဖြင့် ဦးနှောက်နှင့် အသိဉာဏ်ကို စွမ်းအားမြှင့်တင်ပေးပါသည်။ အသိတိုးစေပါသည်။ အလေ့အကျင့်ဖြစ်စေပါသည်။ တစ်ဆင့်တက်၍ အထူးပြုဘာသာရပ်များ သင်ကြားရသည့်အခါ ဆိုင်ရာဘာသာရပ်နှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိစေပြီး အသိတိုး၍ အတွေးမြင့်စေပါသည်။ လူတော်တစ်ယောက် ဖြစ်ရန်အခြေခံအားဖြင့် အတန်းပညာသည် Foundation ဖြစ်၏။ ကျယ်ပြန့်သောဗဟုသုတကို ရနိုင်စေသော အခွင့်အရေးဖြစ်သည်။ စာမေးပွဲစစ်ခြင်းသည် သင်အံ့ကျက်မှတ်ခဲ့သည်များကို မည်မျှပိုင်နိုင်ကြောင်း ဦးနှောက်အလုပ်ပေးခြင်း (Brain Storming) လုပ်ခြင်းဖြစ်သည်။ (Brain Storming အလုပ်မခံနိုင်သူသည် မည်သည့်အခါမျှ လူတော်ဖြစ်လာမည်မဟုတ်ပါ။) ဘွဲ့ရ၍လုပ်ငန်းခွင်တွင် နဖူးတွေ့ဒူးတွေ့ဝင်ရောက်ရသည့်အခါ (Self Brain Storming) ကိုယ့်ကိုယ်ကို ဦးနှောက်အလုပ်ပေးရသူများ ရှိလာပါသည်။ လုပ်ငန်းရှင်၊ ဦးဆောင်သူဖြစ်လျှင် Self Brain Storming သည် မိတ်ဆွေရင်းချာ ဖြစ်နေရပြီ ဖြစ်ပါသည်။

လူကောင်းများ၏နေရာတွင် စောင့်ကြပ်ကြည့်ခြင်းဖြင့် လူတော်များကို အစားထိုးရနိုင်ပါသည်။ လူတော်၏ နေရာကို လူကောင်းများအား မည်မျှတွန်းအားပေးသော်လည်း အရည်အချင်းမမီလျှင် အစားထိုး၍မရနိုင်ပါ။ လူအားလုံးကောင်းလျှင်ငြိမ်းချမ်း၍ သာယာသော ကမ္ဘာတစ်ခု ဖြစ်လာမည်ဖြစ်သော်လည်း ရုပ်ဝတ္ထုတို့တိုးတက်ထွန်းကားလာမည် မဟုတ်ပါ။ လူကောင်းများတွင် Contentment ဟူသော 'ကျေနပ်' စိတ်အရင်းခံသောကြောင့် ဖြစ်သည်။ လူတော်များတွင် တိုးတက်လို စိတ်အရင်းခံကြပြီး တီထွင်ကြံဆစိတ်များ ခိုအောင်းတတ်ပါသည်။ ပြိုင်ဆိုင်လိုစိတ်လည်းပြင်းထန်တတ်ပြီး ရုပ်ဝတ္ထုတို့ကို တိုးတက်စေပါသည်။ လကမ္ဘာပေါ် ခြေချနိုင်ခြင်း၊ ကွန်ပျူတာများသုံးစွဲနိုင်ခြင်းသည် လူတော်များ၏ ကြိုးစားမှုရလဒ်ကြောင့်ဖြစ်ပေသည်။ မိမိမန်နေဂျာဘဝတွင် လူတော်ဖြစ်အောင်ကြိုးစားသင့်ပြီး မိမိဦးဆောင်သူဖြစ်သည့်အခါ လူတော်၊ လူကောင်းကို သင့်လျော်ရာ စီမံခန့်ခွဲတာဝန်ပေးနိုင်ရန် ဖြစ်သည်။ ဦးဆောင်သူမတော်လျှင် အဖွဲ့အစည်း တိုးတက်မည်

mgyoe.com

mgyoe.com


မဟုတ်သည်ကို ယုံမှားသံသယမရှိသင့်။ မျိုးဆက်ဟောင်းထက် မျိုးဆက်သစ်တို့ ပိုတော်သင့်သည်မှာလည်း သဘာဝဖြစ်သည်။ လောကပါလတရားများကို လက်ကိုင်ထား၍ ကံငါးပါးလုံခြုံလျှင် လူကောင်းတွင် ထပ်မံဖြည့်စွက်ရန် မရှိတော့။ တိုးတက်နေသောခေတ်တွင် လူတော်များလေ့လာရန်၊ တီထွင်ကြံဆရန်၊ သစ်ဆန်းရန် အမြဲရှိနေသေးပါသည်။ ဘယ်တော့မှလည်း ကုန်ဆုံးမည်မဟုတ်ပါ။ ပိုမိုကောင်းမွန်သော ရုပ်ဝတ္ထုတို့ကိုဖန်တီးနိုင်ရန် အမြဲတမ်းရှာဖွေ၍ မိမိအရည်အချင်းကို ဖြည့်ဆည်းနေရဦးမည် ဖြစ်ပါသည်။

စံပြဖြစ်သော ဗုဒ္ဓတိုင်း ကောင်းမှု၊ ကောင်းပုံခြင်းတူကြပါသည်။ ပညာဘုရား၊ သဒ္ဓါဘုရား၊ ဝီရိယဘုရား ဟူ၍သာ ကွာသွားပြီး ဘယ်ဘုရားကမှ နည်းနည်း ပိုကောင်းသည်ဟူ၍ မရှိပါ။ ကမ္ဘာ့အသင်္ချေပေါင်း မြောက်မြားစွာတိုင် ကောင်းပုံခြင်းတူကြပါသည်။ မိမိတို့ခေတ်သမိုင်းရာစုလေးတစ်ခုမှာပင် နယူတန်၊ ဂယ်လီလီယို၊ ဒီဘိုးနိုးစသည်တို့၏ တော်ခြင်းထက်လွန်၍ Stephen Hawking က သာလွန်ခဲ့ပါသည်။ ယနေ့ အသက် ၄၀ ခန့်မျှသာ ရှိသေးသော Whitten ၏ အဆိုပြုချက်များကို သိပ္ပံပညာရှင်များ မျက်လုံးပြူး နားစွင့်၍ မလှုပ်မယှက် အလေးအနက် နားထောင်နေကြရပါသည်။ ပိုတော်လာကြခြင်း၏ ဥပမာသာ ဖြစ်သည်။

ငယ်စဉ်က စာသင်ခန်းများတွင် အတတ်ပညာကို လူတိုင်းသင်ကြားခဲ့ကြဖူးပေသည်။ လေ့လာဆည်းပူး၊ ကျက်မှတ်ခဲ့ခြင်းများသည် ပညာများကို အတတ်ပြုခဲ့ခြင်းများသာ ဖြစ်ပါသည်။ 'နှစ်' နှင့် 'လေး' မြှောက်လျှင် 'ရှစ်' ဟူသော အဖြေကိုပေးခဲ့ကြပါသည်။ အတတ်ပညာစုံသောအခါ အသိပညာကို တစ်ဖန် ရှာခဲ့ကြရပြန်ပါသည်။ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် အသိပညာရှာမှီး၍ မကုန်နိုင်သော ဌာနကြီးဖြစ်ပါသည်။ အသိပညာ ရရှိလာသောအခါ 'နှစ်' နှင့် 'လေး' မြှောက်၍ရသောအဖြေ 'ရှစ်' ထက် 'ပေါင်း၊ နုတ်၊ မြှောက်၊ စား' တို့၏ သဘာဝကိုသာ အလေးထားတော့မည် ဖြစ်သည်။ အသိရရှိရန် အတတ်သည် အခြေခံဖြစ်၍ အတတ်ပြည့်စုံမှ အသိဟူသောနယ်နမိတ်သို့ ရောက်ရှိမည် ဖြစ်ပေသည်။ အသိကို စေ့စီးစွာရရှိရန်အတွက် တိုးတက်သော နိုင်ငံများ၌ တက္ကသိုလ်၊ ကောလိပ်အဆင့် ကျောင်းများ၌ အသိရှာမှီးရာဌာနတစ်ခုကဲ့သို့ ဖန်တီးထားတတ်ကြသည်။ သီအိုရီသည် အတတ်ဖြစ်၍ လက်တွေ့သည်အသိဖြစ်၏။ သိပြီးသူများသည် တတ်ပြီးဖြစ်သော်လည်း တတ်ပြီးသူများ 'သိ' ရန် ကြိုးစားရဦးမည် ဖြစ်သည်။ အသိများလာလျှင် တစ်ဆင့်တက်၍ 'ပညာ' နယ်သို့ ရောက်ရှိလာမည်

mgyoe.com

mgyoe.com


ဖြစ်သည်။ ရေးကထားခဲ့သော 'အသိဉာဏ်' ဟူသည် 'ပညာသိ' ကို ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။

အတတ်များခြင်းသည် ကောင်းသော အခြင်းအရာဖြစ်သော်လည်း အသိသို့ကူးပြောင်းနိုင်သင့်သည်။ အသိမရှိဘဲအတတ်သာရှိလျှင် လူသားစက်ရုပ်နှင့်ဘာမှခြားမည်မဟုတ်၊ အတတ်များပြီး အသိနံ့နည်းလျှင် (Little Knowledge is Dangerous) ဟူသောစကားပုံအရ အန္တရာယ်ရှိမည်ဖြစ်ပေသည်။ တချို့ မိမိကိုယ်ကို 'သိ' သည်လား 'တတ်' သည်လားဟု ခွဲခြားနိုင်စွမ်းမရှိသည်နှင့် အတတ်သာရှိသည်ဟုသာ သတ်မှတ်နိုင်မည်ဖြစ်သည်။ 'သိ' ခြင်းနှင့် 'တတ်' ခြင်းကို ရောထွေးစွာ နားလည်ကြသူတွေလည်း မနည်းချေ။ ၃ နှင့် ၄ မြှောက်တတ်၍ အဖြေ ၁၂ ရခြင်းသည် သချ်ာကို 'တတ်' ခြင်းမျှသာဖြစ်သည်။ Multiplication ဟူသော မြှောက်လဒ်၏သဘောကို နားလည်သွားလျှင် 'သိ' သူဖြစ်လာတော့၏။ သီအိုရီသည် မရှိမဖြစ် လိုအပ်သည်မှန်သော်လည်း အတတ်ကိုသာပေး၏။ 'အသိ' ကို ရှာမှီးရာတွင် လောက၌ သီအိုရီကို မလိုက်နာသော သာဓကများ များစွာရှိ၏။ စစ်ဖြစ်လျှင် စီးပွားရေးချွတ်ခြုံကျသည်ဟု ရေးကဆိုထားသော်လည်း အမေရိကန်သည် ၎င်း၏ စီးပွားရေးတုံ့ဆိုင်းမှုဖြစ်တိုင်း အခြားတစ်နိုင်ငံကို စစ်ဖန်တီးလေ့ရှိ၏။ ပြည့်စုံသော သီအိုရီဟူ၍ လောက၌ မရှိဟူသည်ကို သတိမူမိလျှင် 'သိ'ခြင်းဖြစ်၏။ သီအိုရီများသည် တစ်ခေတ်တစ်ခါအတွက်သာ မှန်လေ့ရှိပြီး အမြဲတမ်းအစားထိုးနေရသော သဘောရှိသည်။

လက်တွေ့အလုပ်လုပ်နေသူများ သီအိုရီကို ဆန့်ကျင်ခြင်း၊ မလိုက်နာခြင်းအပေါ် ဦးစွာသိကြရသည်။ ကြိမ်ဖန်များသောအခါ အတတ်ပညာရှင်တို့နှင့်ညှိနှိုင်း၍ သီအိုရီအသစ်တစ်ခု ပြုစုရ၏။ မျိုးဆက်သစ်တို့ထံ လက်ဆင့်ကမ်းရ၏။ သီအိုရီသည်စာရွက်ပေါ်တွင် ကာလတစ်ခုအထိ မပြောင်းလဲသော်လည်း လက်တွေ့တွင် ကာလ၊ ဒေသ၊ အခြေအနေတို့ပေါ်မူတည်၍ အမြဲပြောင်းလဲလေ့ ရှိကြရသည်။ အသိနှင့် အတတ်တို့၏ သဘာဝနှင့် ကွဲပြားသော ဝိသေသများ ဖြစ်သည်။ လိုက်လျောညီထွေစွာ ရလဒ်ကောင်းရအောင် လုပ်နိုင်ကြသူများမှာ 'အသိ' ပညာရှင်များသာဖြစ်သည်။

အသိပညာရှင်သည်လည်းကောင်း၊ အတတ်ပညာရှင်သည် လည်းကောင်း၊ သူ့နေရာနှင့်သူ တန်ဖိုးကြီးသူများ ဖြစ်ကြသည်။ အတတ်ပညာရှင်များက မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းပညာ ဖြန့်ဖြူးပေးသူများအဖြစ် မရှိမဖြစ် လိုအပ်သူများလည်းဖြစ်သည်။ အဖွဲ့အစည်းကုမ္ပဏီတစ်ခုကို ဦးဆောင်သူများမှာမူ 'အသိ'

mgyoe.com

mgyoe.com


နက်သူများသာဖြစ်သင့်သည်။ ရှေ့တန်းတိုက်စစ်မှူးများသည် တစ်ခါတစ်ရံ မိမိ၏ Initiative ဟူသော ကိုယ်ပိုင်သုံးသပ်ချက်ဖြင့် အပြောင်းအလဲလုပ်ရ၏။ ရလဒ်ကောင်း ရရေးသည်သာ အဓိက ရည်မှန်းချက်ဖြစ်ပေသည်။ 'တတ်' ခြင်းတွင် 'Excitement' ဟူသော စိတ်လှုပ်ရှားဖွယ်ရာ အငွေ့အသက် နည်းပါးသော်လည်း 'သိ' ခြင်းတွင် Full of Excitement ဖြစ်သည်။ ဘာလုပ်လျှင် ဘာဖြစ်လာမည်ကို ကြိုတင်မှန်းဆသိနိုင်ပြီဖြစ်၍ စိတ်ဝင်စားဖွယ်ရာအတိ ဖြစ်သည်။

'တတ်' ခြင်းသည် 'ကောင်း' ပါ၏။ 'သိ' ခြင်းသည်ကား 'တော်' ခြင်း၏ အခြေအမြစ်နှင့်အင်္ဂါရပ်တစ်ပါးဖြစ်ပေသည်။ လူကောင်းဖြစ်ရန်လိုအပ်ပါ၏။ တစ်ဆင့်တက်သော် အတတ်ပညာရှင်များဖြစ်လျှင် ပိုကောင်းပါ၏။ 'ကောင်း' ပြီး 'တတ်' ကြသူများ 'အသိ' နက်နက်နဲနဲရှိလျှင် တိုးတက်မှု ရလဒ်ကောင်းများ လက်တစ်ကမ်းမှာရောက်ပြီဟု ယုံကြည်နိုင်ပြီဖြစ်သည်။ 'ကောင်းလည်းကောင်း' 'တတ်လည်းတတ်' ပြီး 'သိလည်းသိသူများ' 'တော်' လာကြလျှင် အရာရာ ဖန်တီးနိုင်သူများ ဖြစ်ပြီး ၎င်းလူသားတို့အတွက် 'ကောင်းကင်တမွတ် ကြယ်ကို ဆွတ်သည်' ဟူသော စကားပုံကို ရှေးလူကြီးများက ထားခဲ့ကြပြီးဖြစ်ပေသည်။

မိမိကိုယ်ကို ကောင်း သူလား
တတ် သူလား
သိ သူလား
တော် သူလား ဟူ၍ ခွဲခြမ်းစိတ်ဖြာနိုင်ကြစေရန် ...

၀

mgyoe.com

mgyoe.com

# အဟောင်းတလည်လည်

အနှစ်သာတကယ်ပါလျှင် အဟောင်းသည် တလည်လည်ဖြစ်လိမ့်မည်။ အားကောင်းမောင်းသန်အဖြစ် အသစ် ကောင်းခဲ့သော Higher Qualification နှင့် Higher Management အကြောင်း အပ်ကြောင်းထပ်ခဲ့သော ကမ္ဘာကြီးသည် နည်းသစ်များ၏ ဝဲဂယက်တွင် တဝဲလည်လည်ဖြစ်ကာ အဟောင်းဘက် ဦးလှည့်ပြန်သည်။

အခြေခံကျသော Basic Qualification မရှိဘဲ မိတ်ကပ်ခြယ်သခြင်းဟု ဝေဖန်သူတို့က သုံးသပ်ကြသည်။ Foundation မကောင်းဘဲ Asthetic အရ ခြယ်သလျှင် တစ်ချိန် လဲပြိုနိုင်သည်ကို သတိမူမိကြလာရသည်။ အဟောင်းခေတ်သို့လမ်းကြောင်းပြောင်းရန် တာစူကြပြီ ဖြစ်သည်။ မြန်မာစကားပုံ၏ "အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်" နှင့် သဘောတရား တစ်ထပ်တည်း ဖြစ်၏။

## နဂိုရှိပါ

နဂိုမရှိပါက မိတ်ကပ်အလှသာ အားကိုးရမည်။ မိတ်ကပ်ဆိုသည်မှာ အပေါ်ယံသာဖြစ်၍ ချွေးထွက်သည်နှင့် ပျက်နိုင်သည်။ အတက်အကျ မြန်ဆန်သော ယနေ့ကမ္ဘာတွင် နဂိုရှိရန်အရေးကြီးသည်။ Internet ခေတ်တွင် E-commerce အားကောင်းခဲ့သည်။ တစ်လောကလုံးနီးပါးမျှဖြစ်သည်။ မကြာလိုက်ပါ။ ရုတ်ခြည်း ပျောက်ကြပြန်သည်။ ဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဦးသူစားကြပြီး

mgyoe.com

m gyobe.com


နောက်လိုက်များ ကွဲကြသည်။ အခြေမခိုင်ဘဲ သံယောင်လိုက်ခြင်းကြောင့် ဖြစ်သည်။ နဂိုရှိသူတချို့သာကျန်ပြီး ကျန်သူများ လုပ်ငန်းပြောင်းကြသည်။ ဟိုးလေးတကျော်ဖြစ်သွား၏။ အချိန်နှင့်အမျှ လုပ်ငန်းအမျိုးမျိုး၊ နည်းနာနိဿယ အမျိုးမျိုး ပေါ်နေမည်သာဖြစ်သည်။ ဘောဂဗေဒပညာရှင်များကလည်း မိမိရှုထောင့်၊ အတွေ့အကြုံများအရ ဥပဒေသအမျိုးမျိုးဖြင့် Formulate လုပ်ကြသည်။ ညွှန်းကိန်းအမျိုးမျိုးဖန်တီးကြသည်။ စီမံခန့်ခွဲရေး ပညာရှင်များကလည်း မိမိ အတွေ့အကြုံ၊ ရှုထောင့်များမှ အုပ်ချုပ်မှုဆိုင်ရာ Theory များ၊ ဥပဒေသများ ထုတ်ခဲ့ကြသည်။ နှစ်ဆယ်ရာစုအကုန်ခန့်တွင် ပညာရှင်များလက်မြှောက်၍ ပြောင်းလဲမှုမြန်ဆန်သော ကမ္ဘာ့စီးပွားရေးအတွက် ဥပဒေသများ မရှိတော့ဟုပင် ညည်းညူရသည်အထိဖြစ်ခဲ့ရသည်။ ၂၀၀၁ နှစ်ဦးပိုင်းအထိ ငြင်းဆဲခုံဆဲဖြစ်သည်။ အခြေခံကောင်းရန် အဓိက လိုကြောင်း သဘောတူကြသည်။ ဝိလုပ်ရန် ဝရှိဖို့ဖြစ်သည်။

## တစ်ဦးချင်းအရည်အချင်း

တစ်ဦးချင်း အရည်အချင်းကောင်းများ ရှိရန်လိုသည်။ မူလတန်းမသင်ဘဲ အထက်တန်းစာ အလွတ်ကျက်ခြင်းကို အခြေခိုင်သည်ဟု မည်သို့မျှ ယူဆ၍မရ။ သာလိကာ၏ "ထမင်းစားပြီးပြီလား" ဟူသော အမေးသည် ဧည့်သည်တိုင်း အချိန်တိုင်းအတွက် နှုတ်တိုက်သာဖြစ်သည်။

ခေတ်ပေါ် Technical Terms များကို အလွတ်ကျက်၍ လူအထင်ကြီးအောင် ပြောနိုင်သည်ထက် သဘောသဘာဝနှင့် အခြေခံကို ပိုင်ပိုင်နိုင်နိုင်သိရန် နေရာတိုင်းမှာ အရေးကြီး လိုအပ်သည်။ တန်ဖိုးနားလည်ခြင်း၊ လိုက်နာ ကျင့်ကြံခြင်း၊ ကျွမ်းကျင်ခြင်းဖြစ်လျှင် အောင်မြင်မှုသည် လက်တစ်ကမ်းမှာသာဖြစ်သည်။

## များများတွေးပါ

အလေ့အကျင့်များလာလျှင် အမှန်ဘက်ပို၍ ချဉ်းကပ်လာမည်။ ဝန်ထမ်းဘဝ မိမိ၏အထက်အရာရှိ ဆိုးမစကားတစ်ခုရှိခဲ့သည်။ "အတွေးကို ဘယ်တော့မှ မရပ်ပါနဲ့၊ တစ်ထွာတွေးလျှင် အဖြေတစ်မျိုး၊ တစ်လံတွေးလျှင် အဖြေတစ်မျိုးရလိမ့်မည်" အဖြေနှစ်မျိုးမတူနိုင်၊ အရှည်တည်တံ့ခြင်းသည် အတွေးဝေးခြင်း၊ နက်ခြင်းကြောင့်ဖြစ်သည်။ ပညာရှိတွေးကြည့်ခြင်းအတွက် ပြေးကြည့်ရန်မလိုအပ်၊ အတွေးတွင်ဓမ္မဓိဋ္ဌာန်ကျရန်လိုသည်။ အကြောင်းအချက်ပြည့်ရန်လိုသည်။ ကာလဒေသနှင့် အခြေအနေ အရပ်ရပ်ကိုလည်း ထည့်သွင်းစဉ်းစားရသည်။ နောင်ဖြစ်လာနိုင်သည့်

mgyobe.com

mgyoe.com


ပုံစံကိုလည်း မေ့ထား၍မရ။ အချက်အလက်စုံစွာ ထည့်သွင်းနိုင်သော အတွေး၏ရလဒ်သည် မပြည့်မစုံတွေးသောရလဒ်ထက် သာလွန်သည်။

**များများတွေးပါ**

တစ်ချက်နှစ်ချက်ဂတ်ရုံဖြင့်ထက်လာသော ဓားဟူ၍မရှိ။ သွေးလေ ထက်လေသာရှိသည်။ ငွေမရလျှင် မလုပ်သောသူထက် အတွေ့အကြုံရလဒ်အတွက် အလုပ်လုပ်သောနေသောသူက တစ်ချိန် ငွေများများရသွားနိုင်သည်။ ငွေမရသော်လည်း အတွေ့အကြုံအတွေးအခေါ်ဟူသော အကျိုးအမြတ်များ ရနိုင်သည်ကို မမေ့သင့်။ လုပ်ငန်းကို အမြဲထိတွေ့နေသောသူသည် သက်လုံကောင်း၏။

**လူသာအိုသည်၊ ပညာမအို**

အပြောင်းအလဲမြန်ဆန်သော ယနေ့ခေတ်အတွက် ပို၍မှန်သည်။ အသစ်တစ်ခု လေ့လာ၍မပြီးသေး၊ နောက်တစ်ခု၊ နောက်တစ်ခေတ် ရောက်လာပြန်သည်။ သင်၍မဆုံးသောခေတ်ဖြစ်သည်။ သင်၍မဆုံးဆို၍ စိတ်ဓာတ်ကျရန်မဟုတ်။ အခြေခိုင်လျှင် အတွန့်တက်ရန်သာဖြစ်သည်။ အားလုံးသော Advance ဟူသည် Basic ကိုသာ အခြေခံခြင်းဖြစ်ကြောင်း နားလည်ရန်သာလိုသည်။ အဆင့်မြင့်သချ်ာအားလုံးသည် "ပေါင်း၊ နုတ်၊ မြှောက်၊ စား" ခြင်းမှအခြေခံခြင်းသာဖြစ်သည်။

**သဘောတရား**

သဘောတရားအစစ်အမှန်ကို သိဖို့လိုသည်။ ဖော်မြူလာအမျိုးမျိုးမှာ ဆင့်ပွားသာဖြစ်၍ အခြေခံအနှစ်ကိုမသိလျှင် အကာကိုသာကိုးကွယ်သလိုဖြစ်နေမည်။ Demand နှင့် Supply ဟူသောအခြေခံသဘောမျှမသိဘဲ Micro နှင့် Macro-Economy အကြောင်းပြောနေလျှင် တစ်ချိန်လဲပြိုမည်ကို ကြိုတင်ခန့်မှန်း၍ရသည်။ ထို့အတူ Regional / Global Economy အကြောင်း ပြောသူသည်အနည်းဆုံး Macro Economy အကြောင်းသိရန်လိုမည်။

## ACADEMIC နှင့် LOGIC

အောင်မြင်သောလုပ်ငန်းရှင်ကြီးများသည် Logic ကို ကိုင်၍ အဆုံးအဖြတ်ပေးကြသည်။ ဖြစ်နိုင် မဖြစ်နိုင်ကို နှိုင်းဆဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်။ Logic ဟူသော ပေတံနှင့်တိုင်း၍ ရဲရင့်စွာလုပ်ဆောင်နိုင်ကြသဖြင့် အောင်မြင်ကြသည်။

mgyoe.com

mgyoe.com

Academic သမားများမှာ နည်းနာနိဿယများစွာ၊ အယူအဆများစွာ၊ ဥပဒေသများစွာ၊ Formulate လုပ်၍ ရှုန်းရှုန်းဝေကြသည်။ Idea နှင့် Knowledge အတွက်မှန်ကန်ပြီး စာသင်ခန်းများတွင် လွန်စွာအသုံးဝင်ပါသည်။ လက်တွေ့တွင် Entrepreneur ဖြစ်မလာပါ။ လက်တွေ့ဘဝတွင် Theory ကို လိုက်လျောရသည်လည်းရှိ၏။ တစ်ခါတစ်ရံ ဆန့်ကျင်ရသည်လည်းရှိ၏။ အခြေအနေ အချိန်အခါနှင့် ဝန်းကျင်က ပြုပြင်ပြောင်းလဲခြင်းဖြစ်သည်။ Initiative က လက်တွေ့ကမ္ဘာတွင် အဓိက အရေးကြီးသော်လည်း Academic သမားများအဖို့ Defination မှလွဲ၍ Formula မပေးနိုင်တော့။

## INITIATIVE

လိမ္မာပါးနပ်သူများ၏ အဓိကအင်အား ဖြစ်သည်။ သဟဇာတ ဖြစ်စေနိုင်သော စွမ်းရည်ဖြစ်သည်။ စာအုပ်ကြီးသမားများ လိုက်မမီသော အရည်အချင်းလည်း ဖြစ်သည်။ စီးပွားလုပ်ကိုင်ကြသူများနှင့် ဝန်ထမ်းများမှာပါ Initiative မဖြစ်ပါက အပေါ်သို့တက်လှမ်းရန်မဖြစ်နိုင်။ အောက်ခြေဝန်ထမ်းမှအပေါ်သို့လည်းကောင်း၊ အပေါ်ထပ်အဆောက်အအုံမှ အောက်ခြေအုပ်ချုပ်မှုသို့ လည်းကောင်း Initiative ကိုသုံးကြရသည်။

## VISION

အမြင်မရှိပါက ရရစားစားဘဝမှ လွတ်မည်မဟုတ်။ ကြီးပွားတိုးတက်လိုသူ တစ်ဦးတွင် အမြင်သည် အခြေခံအရည်အချင်းဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်မမြင်တတ်ခြင်း၊ ဘာဖြစ်မည်ကိုမသိခြင်းတို့သည် တိုးတက်သင့်သလောက် မတိုးတက်စေသော Draw Back များဖြစ်၏။ သူများ "ပဲ" ပို့၍ မြတ်သည်ကို မြင်ပြီး "ပဲ" ပို့ရန်စုသူအတွက် အမြဲမမြတ်နိုင်။ "ပဲ" အဓိက ဝယ်သောနိုင်ငံ၏ "ထွက်နှုန်း"၊ "ရာသီဥတု"၊ အခြား "ပဲ" ပို့သည့်နိုင်ငံများ၊ မိမိပြည်တွင်းအခြေအနေစသည့် အမြင်ကိုမြင်သူက "ဆုတ်" "တက်" ၍ကစားသွားပြီး "မြတ်" သည့်အခါပို့ကာ "ရှုံး" မည့်အချိန် "ဆုတ်" ခြင်းဖြင့် အောင်မြင်မှုကို ယူသွားမည်ဖြစ်သည်။

## စိတ်ဓာတ်

တစ်ဦးချင်းစီ၏အရည်အချင်းကို ယခင်က "IQ" ဖြင့် တိုင်းတာ၏။

mgyoe.com

mgyoe.com

ယခုခေတ်တွင် "IQ" ကို ဒုတိယဦးစားပေးနေရာ၌သာထားပြီး "EQ" ကို ပထမ ဦးစားပေးနေရာ၌ ထားလာကြပြီဖြစ်သည်။ စိတ်ဓာတ်မရှိလျှင် ဘာမှဖြစ်မလာ။ တော်ပြီး လမ်းဘေးလက်ဖက်ရည်ဆိုင်၌ အချိန်ကုန်ခံနေသူ အများအပြား ရှိသည်။ "IQ" မြင့်သော်လည်း "EQ" မရှိပါက အောင်မြင်ရန်မရှိ။ "EQ" ရှိ၍ "IQ" စွမ်းရည်တက်အောင် လုပ်၍ရသည်။ "EQ" ကသာ "IQ" ကို တွန်းအားပေး သည်။ ဉာဏ်ရည်ကောင်းသော်လည်း စာမှန်မှန်မဖတ်သူထက် ဉာဏ်ရည်အသင့် အတင့်ရှိပြီး ကြိုးစားသူက ကျော်တက်သွားသည့် ဖြစ်ရပ်များ ဒုနှင့်ဒေး ဖြစ်သည်။ "EQ" နှင့် "IQ" နှစ်ခုပြည့်စုံသူကိုလည်း အခြားသူများလိုက်မီရန် မလွယ်။

## ဘယ်လိုတော်တာလဲ

တော်ခြင်းအမျိုးမျိုးရှိသည့်အနက် ဘယ်လိုတော်ခြင်းမျိုးကို ဆန်းစစ်ရန် လိုလာသည်။ ဘာသာရပ် ၆ ခုရှိသည့်အနက် ၂ ဘာသာ အမှတ် ၁၀၀ စီ ရပြီး ကျန်ဘာသာများ အောင်မှတ်သာရသောသူများရှိသလို ဘာသာရပ်တိုင်း ၈၀ ဟူသော ဂုဏ်ထူးမှတ်ဖြင့် တော်သူများလည်း ရှိသည်။ တစ်ခုကောင်း တော်ခြင်း မျိုးမဟုတ်ဘဲ အရည်အချင်းအားလုံးမျှ၍ တော်သင့်သည်။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ အထွေထွေရေးရာမှာ အများအသိအမှတ်ပြုသည့် တော်ခြင်းမျိုး ဖြစ်သင့် သည်။

## ဘယ်လောက်တော်တာလဲ

သူ "တော်" သည်ဟုဆိုရာ၌ တိုင်းတာသူ၏ပေတံပေါ်မူတည်သည်။ မူလတန်းကျောင်းသား ခေါင်းညိတ်အောင် ပြောနိုင်သူကို မူလတန်းကျောင်းသား အဆင့်ကသာ တော်သည်ဟု သတ်မှတ်မည်ဖြစ်ပြီး ပါမောက္ခများခေါင်းညိတ်အောင် ပြောနိုင်သူအတွက် ရယ်စရာဖြစ်မည်ဖြစ်သည်။ မိမိ ဘယ်အလုပ်မျိုးလုပ်၍ ဘယ် အသိုင်းအဝိုင်းက ချီးကျူးသည်ဆိုခြင်းမှာ မိမိ၏ "တော်ခြင်း" အဆင့်ဖြစ်သည်။

## တော်သူနှင့် မာန

တောမထွက်သမျှကာလပတ်လုံး တော်သူမှာ မာနရှိ၏။ ဝိသေသလည်း ဖြစ်၏။ မတော်သူများအဖို့ ပြရန် အရည်အချင်းမရှိ၍ ပြောသမျှခံ၊ ဆူသမျှ ခေါင်း ညိတ်ကြသည်။ သဟဇာတဖြစ်ရန်သာ အထူးကြိုးစားကြရသည်။ "ပြေလည်"

mgyoe.com

ရန် ကြိုးစားခြင်းသည် မတော်သူတို့၏ "မတော်" ခြင်းကို ဖုံးလွှမ်းရန် ကြိုးစားလေ့ ရှိသော လက်နက်ဖြစ်သည်။

### တော်ခွင့်ပေးပါ

Company နှင့် စီးပွားရေးအဖွဲ့အစည်းအမျိုးမျိုးတွင် အုပ်ချုပ်ပုံအမျိုးမျိုး ရှိ၏။ မိဘလက်ထက်မှ လက်ဝေခံရ၍ အမွေဆက်ခံခွင့်ရှိသူများ (အလုံးစုံကို မဆိုလို) အုပ်ချုပ်ပုံနှင့် ကိုယ့်ဒူးကိုယ်ချွန်တက်လာသူများ၏ အုပ်ချုပ်ပုံ၊ အတွေး အခေါ်မတူကြ။ မိမိကိုယ်ကိုယုံကြည်သူက အောက်ခြေဝန်ထမ်းများကို အမြင်ဖွင့် ပေးသည်။ တော်ခွင့်ပေးသည်။ အခြားတစ်ဖက်မှာ မိမိကလည်း ပို၍တော်အောင် ကြိုးစားသည်။ လက်ဝေခံလုပ်ငန်းရှင်များအနေဖြင့် တပည့်တော်မှာ စိုးရွံ့ကြသည်။ တော်ခွင့်မပေးလိုကြ။ ပေးရကောင်းမှန်းလည်းမသိ။ အပေါ်အောက် တော်ကြသော ဘက်မှ တိုးတက်သွားမည်ဖြစ်ပြီး တော်ခွင့်မပေးသောဘက်မှ တစ်ချိန်ချိန်တွင် နောက်ကျန်ရစ်မည်ဖြစ်သည်။

### တော်သူကိုလေးစားပါသည်

တော်ခြင်းကို ဟန်ဆောင်၍မရ။ "မတော်" ခြင်းနှင့် "ညံ့ခြင်း" ကိုသာ ဟန်ဆောင်၍ရသည်။ လုပ်ငန်းလုပ်ကြည့်၍ တစ်ဖက်မှ တကယ်တော်ကြောင်း သိလျှင် အလိုလိုလေးစားလာပါသည်။ အောက်ခြေမှလည်းတော်ရုံ "ဖြီး" ရဲမည် မဟုတ်ပါ။ အသက်ကြီး၍မတော်ပါက "ရှိသေခြင်း" ကိုသာ ရမည်ဖြစ်ပြီး အသက် ငယ်သော်လည်း တကယ်တော်ပါက "လေးစားခြင်း" ကို ရမည်ဖြစ်သည်။ မြွေ သေးသည်ကြီးသည် အဓိကမဟုတ်ပါ။ အဆိပ်ပြင်းရန်သာ အဓိကဖြစ်ပါသည်။

### ငယ်ပါသေးသည်

မြန်မာလူမျိုးအများစု၏ မတော်ရာ "ဆင်ခြေ" ဖြစ်သည်။ တိုးတက်နေ သော ခေတ်ကြီးတွင် "ငါ့ထက်အသက် ဘယ်လောက်ငယ်သည်" သည် အရည် အချင်းတစ်ပါးမဟုတ်သည်ကို သတိမမူကြ။ တစ်ဖက်ကိုရသည့်နည်းနှင့် အနိုင်လို ချင်၍ အသက်နှင့် တိုင်းတာကြသည်။ အရင်မွေးသူအတွက်နေရန် အချိန်နည်း လာသည်ကို သတိပြုမိရန် ကောင်းသည်။ နောင်းခေတ်လူသားများ ပို၍တော် လာကြမည်မှာ ဓမ္မတာသာဖြစ်ကြောင်း သိဖို့ကောင်းသည်။

mgyoe.com

mgyoe.com

## အဖေထက် သားကပိုတော်သင့်သည်

သဘာဝတရားအရသော်လည်းကောင်း၊ ပတ်ဝန်းကျင်အရသော်လည်းကောင်း၊ အဖေထက် သားကပို၍တော်သင့်သည်။ အရိပ်အာဝါသကောင်းခြင်း၊ အတွေ့အကြုံလက်ဆင့်ကမ်းနိုင်ခြင်း၊ ဝိုင်းဝန်းနိုင်ခြင်းများသည် မပင်မပန်း အလွယ်တကူရရှိမည့် အခြေခံကောင်းများဖြစ်သည်။ သာမန်လူအတွက် ဤအခြေအနေရရှိရန်ပင် အချိန်ယူဖန်တီးကြရသည်။ "EQ" မရှိလျှင် သားလက်ထက်၌ ညံ့နိုင်ပြီး "EQ" ရှိလျှင် အဖေထက် သားကတော်နိုင်ပါသည်။

## အမှားမကင်းပါ

"No Man is Perfect" မည်သူမျှ ချွတ်ယွင်းချက်ပြစ်မကင်းနိုင်ပါ။ ဝေဖန်သူအနည်းအများရာခိုင်နှုန်းသည် မိမိ၏ အခြေအနေမှန်သာဖြစ်သည်။ တစ်ယောက်၏ဝေဖန်မှုကို ရှောင်နေရလျှင် လုပ်စရာအလုပ်ရှိမည်မဟုတ်ပါ။ လူ့ဝန်းကျင်က လက်ခံနိုင်သောအမှားနှင့် လက်မခံနိုင်သောအမှားကို ခွဲခြားတတ်ရန်သာ အရေးကြီးသည်။ မှားနိုင်သောအမှားကို ကျူးလွန်နိုင်သော်လည်း မမှားသင့်သောအမှားကို မကျူးလွန်မိအောင် သတိကြီးရန်လိုသည်။

## ရိုးခြင်း၊ အခြင်း၊ နုံခြင်း

မြန်မာမှုနယ်ပယ်တွင် ရောရောထွေးထွေးသုံးသပ်ကြသည်။ "ရိုးခြင်း" သည် "အခြင်း" နှင့် "နုံခြင်း" မဟုတ်။ "မတော်ရာ" မပြုခြင်းသည် "ရိုးခြင်း" သာဖြစ်၍ "အ" ချင်မှ "အ" မည်ဖြစ်သည်။ "ရိုး" သူအတွက် လေ့ကျင့်လျှင် တက်လမ်းရှိသော်လည်း "အခြင်း" နှင့် "နုံခြင်း" အတွက် အခွင့်အရေးမရှိ။ "မတော်" လျှင်ပင် တော်သေးသည်။ "အခြင်း" "နုံခြင်း" အဖြစ်သို့ မရောက်သင့်။

## လူလည်

သွက်လက်ချက်ချာမှုကိုတွေ့လျှင်ပင် မြန်မာလူမျိုးအများစု၌ "ဒီကောင်လူလည်ပဲ" ဟုပြောတတ်ကြသည်။ အခံရခက်သော၊ အကြားရလွဲစေသော အသုံးအနှုန်းဖြစ်သည်။ မိမိလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရန် ကြိုးစားထားသည်ကို "လူလည်" ဟူသောစကားလုံးက တခြားအဓိပ္ပာယ်သို့ ရောက်သွားစေ၏။ လမ်းမှားသာမဟုတ်ပါမူ မည်သို့ဆိုစေ "လည်ခြင်း" သည် "မလည်" သောလူများထက် သာလွန်သော အရည်အချင်းတစ်ခုသာ ဖြစ်သည်။

mgyoe.com

## ပညာရှိ၊ ပညာတတ်

"ရှိခြင်း" နှင့် "တတ်ခြင်း" ကိုလည်း ယေဘုယျအားဖြင့် ရောထွေးကြသည်။ ပညာတတ်ခြင်းသည် ပညာရှိခြင်းလောက် ဆင်ခြင်မှုတရားမရှိကြ။ Academic များသည်ပညာတတ်များဖြစ်ကြ၍ စာအုပ်ကြီးသမားများ ဖြစ်ကြသည်။ Logic သမားများမှာ ပညာရှိများဖြစ်၍ လက်တွေ့ဘဝတွင် အောင်မြင်သူများဖြစ်ကြသည်။ ပညာတတ်များသည် ကျောင်းသင်ခန်းများ၊ သင်တန်းများတွင် ဘဝကိုမြှုပ်နှံကြပြီး မျိုးဆက်သစ်များအတွက် ပညာအမွေပေးခြင်းတာဝန်ကို ထမ်းဆောင်ကြသည်။ ပညာရှိများကမူ လက်တွေ့ဘဝနယ်ပယ်တွင် အောင်မြင်သူများဖြစ်ကြသည်။ "တတ်ခြင်း" မှ "ရှိခြင်း" သို့ကူးပြောင်းနိုင်ကြသည်။ စာသင်ခန်းများသည် ပညာတတ်များဖြစ်ရန် လေ့ကျင့်ပေးရာဖြစ်ပြီး ပညာရှိရန်မူ လောကနှင့် ဝန်းကျင်မှသာ ရနိုင်သည်။

## တော်လည်းတော်၊ ကောင်းလည်းကောင်း

ကောင်းသော်လည်း မတော်ကြသူများရှိသလို တော်ကြသူများ မကောင်းကြသည်လည်း ရှိသည်။ လူကောင်းပြီး တော်ရန်မှာ အခက်အခဲပိုမိုရှိနိုင်ပြီး လူတော်ပြီးကောင်းရန်မူ ကြီးမားသော အခက်အခဲရှိမည်မဟုတ်။ ထိန်းသိမ်းနိုင်ခြင်း၊ ဆင်ခြင်နိုင်ခြင်းနှင့် သတိအမြဲရှိလျှင်ပင် တော်လည်းတော် ကောင်းလည်းကောင်းကြမည်သာဖြစ်သည်။

## တော်ကြပါ

တိုးတက်မှုအရှိန်အဟုန်ကောင်းသော ခေတ်ကြီးတွင် နောက်မကျန်ခဲ့စေရန် မျှတစွာ "တော်ရန်" အရေးကြီးသည်။ မိမိ၏လူမျိုး၊ ဘာသာ၊ သာသနာ၊ နိုင်ငံအတွက်လည်းဖြစ်သည်။ တော်လာရန်အတွက်လည်း ဗီဇနှင့်ဝန်းကျင်က လိုသည်။ အပေါ်ထပ်အရည်အချင်းများထက် အခြေခံအရည်အချင်းများ ခိုင်မာစွာရှိဖို့ လိုသည်။ နကိုင်းထွက်ရန် နဂိုရှိဖို့လိုပြီး "ဝိ" လုပ်နိုင်ရန်အခြေခံ "ဝ" ကို ဦးစွာဖြည့်ဆည်းသင့်ပါသည်။

○

mgyoe.com

mgyoe.com

# ဘာပြောတယ်မှတ်လဲ

ရောက်ဖူးတယ်ရှိအောင် ကျုပ်ဆိုတဲ့ဘမောင် တစ်ရက် အိမ်ရှင်မဈေးဝယ် လိုက်သွားကြည့်မိပါတယ်။ ကြက်ဥတစ်လုံး လေးဆယ့်သုံးကျပ်၊ ကန်စွန်းရွက် တစ်စည်းအစိတ်တဲ့၊ ကျုပ်မျက်လုံးပြူးသွားတယ်၊ မများဘူးလားကလေးမရယ် လို့ညည်းမိပါတယ်၊ ဘာပြောတယ်မှတ်လဲ ... ဈေးမဝယ်ဖူး ... ဘူးလားတဲ့။

× × ×

ကျုပ်သားအငယ်ကောင်၊ ဒိုးဒိုးဒွန့်ဒွန့်နဲ့ ... သီချင်းဖွင့်ရင်လည်း အကျယ်ကြီး၊ ရက်(ပ) ဆိုလား၊ ကက်ဆိုလားသီချင်းတဲ့ ... ၊ စကားပြောတာ လား ... သီချင်းဆိုတာလားတောင် ကျုပ်မခွဲတတ်ဘူး ... မြန်မာသံလား၊ ကုလားသံလားလည်း မပီသဘူး၊ 'သားရယ် ... မြန်မာသံ နှစ်နှစ်ဆယ်တေးလေး နားထောင်ကြည့်ပါလား' ပြောမိပါတယ်၊ ဘာပြောတယ်မှတ်လဲ ... ။ 'အဖေ ရာ ... ဘာမှမသိဘဲနဲ့ ... Rap ခေတ်၊ Punk ခေတ်တဲ့ ...' ဟုတ်မှာပဲလေ ... ကျုပ်တို့ ငယ်ငယ်တုန်းကလည်း Bee Gee တို့၊ ပရက်စလေတို့ဆို ကျုပ်တို့ အဖေက လမ်းသရဲသီချင်းလို့ ပြောခဲ့ဖူးတာပဲဟာ၊ ခေတ်ရေစီးကြောင်းလို့ပဲ နား လည်ပေးလိုက်ပါတယ်။

အလုပ်လေး နည်းနည်းများလာလို့ စက္ကူထရီ ခန့်မိလိုက်ပါတယ် ... တခြား တောင်မဟုတ်ဘူး ... ဝန်ထမ်းဟောင်းထဲကပဲ ... Reception က ချက်ချာတဲ့ ကလေးမလေးကို ... ၊ နှစ်ရက်တစ်ပိုင်းအတွင်း အတော်ကြီး ပြောင်းလဲသွား

mgyoe.com

mgyoe.com


တယ် ...။ ဘေးကွဲ၊ ရင်ကွဲ၊ နှုတ်ခမ်းနီရဲရဲနဲ့ ... အမူအရာပါ ပျာကလဲလဲ ဖြစ်သွားတယ် ...။ 'ဟဲ့ ... ဒီလောက်ထိမလိုပါဘူး' လို့ ကျုပ်ကပြောတော့ ... နောက်သလိုလိုနဲ့ ဘာပြောတယ်မှတ်လဲ ... 'ဆရာရယ် ... Secretarialization လေ ... Globalization လိုပေါ့' တဲ့ ... ကောင်းရော ... ကောင်းရော ... ကျုပ်ကို မိန်းမက မျက်စောင်းထိုးတော့တာပေါ့ ...။

လူလတ်တန်းစားဘဝကို သိသလို လူ့မလိုင်အလွှာတွေရဲ့ သွင်ပြင်လက္ခဏာလည်း ကျုပ်မှာရှိတယ် ...။ ကျုပ်ကိုယ်တိုင်က ဝန်ထမ်းဘဝက လာတာ ... ဘဝကို မီတာ ၁၀၀ ပြေးတဲ့ တာတိုလို့သဘောမထားဘဲ ... မာရသွန်လိုသက်လုံကောင်းအောင် ကြိုးစားခဲ့တာ၊ မွေးကတည်းက ရွှေလင်ပန်းနဲ့အချင်းဆေးလာတာမဟုတ်ဘူး ... ဈေးကွက်စီးပွားရေးမှာ ကျားကုတ်ကျားခဲကြိုးစားပြီးမှနိုင်ငံတကာအတွေ့အကြုံတစ်ထမ်းကြီးရယူခဲ့တာ ... အသိတစ်ခုရဲ့နောက်မှာဘဝတစ်ခု ရဲ့အရည်အသွေးနဲ့တန်ဖိုးကို လက်ခံထားတဲ့သူ ...။ ကျုပ် ဝန်ထမ်းဘဝက အငြိမ်းစားယူပြီး စီးပွားရေးဘက် လိုင်းကူးတော့ နေ့ချင်းညချင်း ချမ်းသာချင်တာပေါ့ ... ကျုပ်လည်းပုထုဇဉ်လူသားပဲဟာ ... ရိုက်စားလုပ်ကွက်တွေအများကြီး ကြုံခဲ့ဖူးတယ် ... ကျုပ်လမ်းကြောင်းကို အပျောက်မခံဘူး ... ငွေထုပ်ထက် ငွေလုပ်တဲ့စက်ကို ကျုပ်ခေါင်းထဲထည့်ချင်တာ ... ကံဆုံလို့ ကြုံရတဲ့ ကျုပ်တပည့်တွေကိုလည်း အဲဒီလိုပဲဖြစ်စေချင်တယ် ... အင်္ဂလိပ်စာဌာနက လက်ထောက်ကထိက တစ်ယောက် ဝန်ထမ်းဘဝကအနားယူပြီး ကျုပ်ဆီမှာ အလုပ်လုပ်ဖူးတယ် ... တော်ပြီးအသိရှိတဲ့သူများ ခဏလေးနဲ့ဖြစ်သွားတယ် ... ကျုပ်လည်း အမြင်တွေဖွင့်ပေးလိုက်တယ် ... အဆက်အသွယ်တွေလုပ်ပေးလိုက်တယ်၊ အခု ဆွစ်ဇာလန်မှာ တစ်လ ဒေါ်လာနှစ်သောင်းကျော်စားနေပြီ ... အခုထိ ဗမာစိတ် မပျောက်သေးဘူး ... ကျုပ်သွားတဲ့အခါပျာပျာသလဲပဲ ... ဘဝတစ်ခုဖြစ်သွားတယ်ဆိုတာ ဖြစ်နိုင်တဲ့အရည်အချင်းတွေဖြည့်ဆည်းထားလို့ ... ကြိုးစားလို့ ... အလကားရတာ ဘာမှမရှိဘူး ...။

တော်တော်များများကတော့ သည်လိုမဟုတ်ဘူး ... ဟိုတုန်းက စကားနဲ့ပြန်ပြောရရင် ဦးနင်းပွဲထောင်၊ ပွဲနင်း ဦးထောင်တွေ ...။ ရေတွင်းမတူးဘဲတောင်ရေသောက်ချင်တဲ့သူတွေ၊ ကျုပ်ပြောပြီရော ... နားလည်ပေးပါတယ်ဆို ... အခြေခံလူတန်းစားတွေကို ပိုပြီးကျုပ်က နားလည်ပေးသေးတာ ... ပညာရေးထောက်ပံ့မှုကိုပေးတဲ့ ကုမ္ပဏီတော်တော့်ကို နည်းလိမ့်မယ်၊ ကျုပ်ကုမ္ပဏီမှာ ရှိတယ်၊ ကျုပ်ကိုယ်တိုင် ပညာရေးကိုတန်ဖိုးထားတော့ ... တခြားသူတွေကို တတ်နိုင်ရင် ပညာရေးမှာ

mgyoe.com